www.burmeseclassic.com

တင်ဆွေမိုး

# သြော်ယောက်ျား

ညော်ခံဟာသများ-၄



www.burmeseclassic.com

www.burmeseclassic.com

စာအုပ်စာတမ်း စာနယ်ဇင်း
ကြိုတင်ပုံနှိပ် ထုတ်ဝေ ခွင့်ပြု အမှတ်
[ ၆၀၆/၉၆ (၈) ]
စာအုပ်စာတမ်း မျက်နှာဖုံး
ကြိုတင်ပုံနှိပ် ထုတ်ဝေ ခွင့်ပြု အမှတ်
[ ၅၇၃/၉၆ (၁၁) ]

●

မျက်နှာဖုံးပန်းချီ
ဇော်မောင်

---

ပုံနှိပ်ခြင်း
ပထမအကြိမ်
(၁၀၀၀)

---

ထုတ်ဝေခြင်း
ဒီဇင်ဘာ၊ ၁၉၉၆

---

စာအုပ်ချုပ်
ကိုမြင့်

●

မောင်စိုးမြင့် (၀၁၁၀၀)၊ ခရမ်းရောင်စာစဉ်
အမှတ် ၂၇၊ စကားဝါလမ်း၊ နှင်းဆီကုန်း၊ သယ်န်းကျွန်း
ရန်ကုန်မြို့မှ ထုတ်ဝေ၍
ဒေါ်ခင်လှ (မြ ၀၁၅၇၈)၊ စာပေလောက ပုံနှိပ်တိုက်၊
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများကို ပုံနှိပ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| —။ | အမှာ | က |
| ၁။ | မေ့သွားပြီထင်တယ် | ၁ |
| ၂။ | မနေ့က | ၂ |
| ၃။ | စောင့်နိုင်ပါတယ် | ၂ |
| ၄။ | ငါရှာတာက | ၃ |
| ၅။ | ဖယောင်းတိုက်ထားတာ | ၄ |
| ၆။ | တစ်ခါရှိပြီ | ၅ |
| ၇။ | နာမည်မပါလို့ပေါ့ | ၆ |
| ၈။ | မှတ်မိပါတယ် | ၇ |
| ၉။ | ထားလိုက်ပါတော့ | ၈ |
| ၁၀။ | အဲဒီအပင်မျိုး ရှိုးမလား | ၉ |
| ၁၁။ | မင်းမှ မသုံးသေးတာ | ၉ |
| ၁၂။ | သတိမထားမိပါဘူး | ၁၀ |
| ၁၃။ | သူ့အကျီ မင်းသဘောကျရဲ့လား | ၁၁ |
| ၁၄။ | ဘယ်သူပြောနိုင်မလဲ | ၁၂ |


www.burmeseclassic.com

www.burmeseclassic.com


၁၅။ နားကန်းသွားတာမှတ်လို့ ၁၃
၁၆။ တစ်နာရီမှာ မိနစ်ခြောက်ဆယ် ၁၃
၁၇။ စိတ်ပါ လက်ပါ ၁၄
၁၈။ မနာလိုတာ ၁၅
၁၉။ ဘယ်သူထင်လို့လဲ ၁၆
၂၀။ သုံးခါ ၁၇
၂၁။ ခြောက်ခွက်ဆိုရင် ၁၈
၂၂။ ပျောက်သွားပြီ ၁၈
၂၃။ မလိုပါဘူး ၁၉
၂၄။ ဒီလိုရာသီဥတုထဲမှာ ၂၀
၂၅။ ဈေးပေါပေါထဲက ၂၁
၂၆။ မတားမြစ်ထားဘူး ၂၂
၂၇။ လိုချင်တာက ၂၃
၂၈။ ဓာလက်ကိုင်ပဝါနဲ့လူ ၂၄
၂၉။ နောက်မီးခြစ်တစ်လုံးနဲ့ ၂၄
၃၀။ ဓာတ်ပုံအယောင်းရှိလား ၂၅
၃၁။ တို့မြို့က သေးသေးလေးပါ ၂၆
၃၂။ လက်ထပ်တဲ့နေ့ရို့ ၂၇
၃၃။ ဆရာဝန်ညွှန်ကြားချက်အရ ၂၈
၃၄။ စန္ဒရားသယ်ခ ၃၀
၃၅။ မရှာသေးဘူး ၃၀
၃၆။ မှတ်ဉာဏ်သင်တန်း တက်ထားလို့ ၃၁
၃၇။ အကြွေးတွေဆပ်လို့ရတယ် ၃၂
၃၈။ တစ်နေရာရာကိုလား ၃၃
၃၉။ အံတော်သွတ္တိရှိတဲ့ အကောင်ပဲ ၃၄


www.burmeseclassic.com

www.burmeseclassic.com


၄၀။ မွဲမသွားသေးရင် ၃၄
၄၁။ ဘယ်လောက်ပေးရမလဲ ၃၅
၄၂။ ကောင်း မကောင်းတော့ မသိဘူး ၃၆
၄၃။ ကျေနပ်ပါတယ်နော် ၃၇
၄၄။ ခဏနေပါဦး ၃၇
၄၅။ ငွေများများ မသုံးချင်လို့ ၃၈
၄၆။ မှားသွားလို့ ၃၉
၄၇။ ကားမောင်းရင် ၄၀
၄၈။ အိမ်ကို ကောင်းကောင်းပြန်ရောက်ရဲ့လား ၄၀
၄၉။ ကြည့်နေတုန်း မပိတ်နဲ့ ၄၁
၅၀။ ကျွန်တော် မအားလို့ ၄၂
၅၁။ အပျော်ဆုံး ပါတီပွဲပဲ ၄၃
၅၂။ ရှာတွေ့မှာပါ ၄၅
၅၃။ မျှော်လင့်ချက် မရှိတော့လို့ ၄၆
၅၄။ ကံမကောင်းလို့ ၄၆
၅၅။ ပေးနေရတုန်းပဲ ၄၇
၅၆။ ပြန်လာခဲ့ပါ ၄၈
၅၇။ လက်မှ မခံတာ ၄၈
၅၈။ မင်းပိုက်ဆံ မဟုတ်လို့ ၅၀
၅၉။ မင်းကို ရှာရမှာစိုးလို့ ၅၀
၆၀။ မျက်စိကို ဆေးကုနေတာ ၅၁
၆၁။ ဆေးပညာအရဆိုရင် ၅၂
၆၂။ ဆိုင်ဘယ်တော့ ဖွင့်မလဲ ၅၃
၆၃။ တစ်ယောက်ယောက် ၅၄
၆၄။ လက်ထပ်တာ ကြာပြီလေကွာ ၅၄


www.burmeseclassic.com

www.burmeseclassic.com


၆၅။ တစ်ရက်စောသွားလို့ ၅၆
၆၆။ မိန်းမရနေလို့ ၅၆
၆၇။ ထွက်သွားတော့ ၅၇
၆၈။ အံ့စရာပဲနော် ၅၈
၆၉။ လမ်းမှာ ပျောက်တယ်ထင်လို့ ၅၉
၇၀။ မသက်ာစရာပဲ တွေ့နေရတယ် ၆၀
၇၁။ နိုင်ငံရေးတွေ ပြောနေရရင် ၆၂
၇၂။ ဝုဏ်ပြုနေကြလို့ ၆၃
၇၃။ လွှမ်းမောဖွယ်မြင်းပွဲ ၆၄
၇၄။ မဖြစ်နိုင်တာ ၆၄
၇၅။ မိုးရွာတော့မယ် ၆၅
၇၆။ ငါသားမှန်း ၆၆
၇၇။ မေမေ ရောက်နေတယ် ၆၇
၇၈။ ကျွန်တော့်လက်နဲ့ထိရင် ၆၈
၇၉။ အတီးအမှုတ်သင်နေလို့ ၇၀
၈၀။ မွေးနေ့ကတ် မပို့ဘူးလား ၇၁
၈၁။ ကလေးရောနေကောင်းရဲ့လား ၇၂
၈၂။ မြေပဲကျွေးရင် ၇၂
၈၃။ ပြင်တော့မယ် ၇၃
၈၄။ နှီးပြောရသလား ၇၄
၈၅။ မစားရဲခဲ့လို့ ၇၅
၈၆။ ကံဆိုးချင်တော့ ၇၆
၈၇။ အိုးကိုသုတ်တာကိုး ၇၆
၈၈။ အစက ဘာလဲဟင် ၇၈
၈၉။ ငါနဲ့မှ မသိတာ ၇၈


www.burmeseclassic.com

www.burmeseclassic.com


၉၀။ သူတို့ တွေ့ကြပြန်ပြီ ၇၉
၉၁။ သူပြောတာ ဟုတ်တယ် ၈၀
၉၂။ ပထမဆုံး သင်ပေးတာက ၈၂
၉၃။ ဖေဖေက ၈၃
၉၄။ သားပြန်ရောက်နေပြီ ထင်တယ် ၈၃
၉၅။ ကြက်ဥအပုတ်တွေလိုချင်တယ် ၈၄
၉၆။ ကားအသစ်နဲ့ ၈၅
၉၇။ ဒီမနက်ကျမှ ၈၆
၉၈။ အမြဲတမ်း ဆာလောင်မွတ်သိပ်နေတဲ့လူ ၈၇
၉၉။ ဖေဖေ အိပ်သွားပြီ ၈၈
၁၀၀။ အားလုံးသုံးလိုက်တယ် ၈၉
၁၀၁။ ခရစ်စမတ်လက်ဆောင် ၈၉
၁၀၂။ မကောင်းတဲ့သတင်း ၉၀
၁၀၃။ မကြားလိုက်လို့ ၉၁
၁၀၄။ ပြန်သတိရလို့ ၉၂
၁၀၅။ ထပ်လုပ်မယ် မထင်လို့ ၉၂
၁၀၆။ မင်း အပြစ်ပေါ့ ၉၄
၁၀၇။ မေးလိုက်ပါဦး ၉၄
၁၀၈။ မှားထားတယ် ၉၅
၁၀၉။ ရပ်ပေးလိုက်တာနဲ့ ၉၆
၁၁၀။ အတွင်းရေးမှူးမလေး စောင့်နေလို့ ၉၇
၁၁၁။ ဆရာတွေရဲ့ ကားပါ ၉၈
၁၁၂။ ပြောစရာရှိသေးလား ၉၈
၁၁၃။ ဟာသကြောင့် ၉၉
၁၁၄။ ပြန်ပြောကွာ ၉၉


www.burmeseclassic.com

www.burmeseclassic.com


၁၁၅။ အရသာကတော့ ၁၀၀

၁၁၆။ အိမ်နီးချင်း ၁၀၁

၁၁၇။ ကားအတိုက်မခံရအောင် ၁၀၁

၁၁၈။ အလုပ်သစ် ၁၀၂

၁၁၉။ မှားလို့ ၁၀၂

၁၂၀။ အမှန်ပြောလို့ကတော့ ၁၀၃

၁၂၁။ သူ့အမေကြောင့် ၁၀၄

၁၂၂။ မတွေ့ဘူး ၁၀၄

၁၂၃။ ခဏငှားပါလား ၁၀၅

၁၂၄။ အရှက်အကြောက်ကြီးသူ ၁၀၆

၁၂၅။ မစောင့်နိုင်လို့ ၁၀၇

၁၂၆။ မှားလို့ ၁၀၇

၁၂၇။ ဒီလိုဆိုရင် ဖြစ်ပါတယ်နော် ၁၀၈

၁၂၈။ ခြေထောက်နာတဲ့အထိ ၁၁၀

၁၂၉။ အမှန်ပြောဖို့ ၁၁၀

၁၃၀။ စိတ်အဝင်စားဆုံး ၁၁၁

၁၃၁။ နိုင်တောင်နိုင်သေး ၁၁၂

၁၃၂။ ခရီးထွက်ဖို့ပြင်တာ ၁၁၃

၁၃၃။ ဘယ်သူ့ဘက်ကလဲ ၁၁၄

၁၃၄။ ဘာဆောက်နေတာလဲ ၁၁၅

၁၃၅။ သူပြေးပုံ ၁၁၅

၁၃၆။ ငါ့အကြောင်းမေးရင် ၁၁၆

၁၃၇။ လူမရှိလို့ ၁၁၇

၁၃၈။ မနောက်နဲ့ကွာ ၁၁၈


www.burmeseclassic.com

www.burmeseclassic.com


၁၃၉။ မရှိလဲမကောင်း၊ ရှိလဲမကောင်း ၁၁၈

၁၄၀။ မသိကြတဲ့အတွေ့တွေ ၁၁၉

၁၄၁။ ရှိနေပြီ ၁၂၁

၁၄၂။ ဘယ်သူတွန်းချတာလဲ ၁၂၂

၁၄၃။ မကြားဖူးဘူးလား ၁၂၄

၁၄၄။ များလှပြီ ၁၂၄

၁၄၅။ ပြစမ်းပါ ၁၂၅

၁၄၆။ မရှက်ပါဘူး ၁၂၆

၁၄၇။ ကြိုတင်ကာကွယ်ရေး ၁၂၆

၁၄၈။ မရတော့ဘူး ၁၂၇

၁၄၉။ အကြိုဗိုလ်လုပွဲမှာ ၁၂၈

၁၅၀။ လိုက်လာတယ် ၁၂၉

၁၅၁။ သရုပ်ဆောင်ကောင်းသူ ၁၃၀

၁၅၂။ ဆံပင်နီနဲ့ သမီးက ၁၃၀

၁၅၃။ ပြောလိုက်ပါ့မယ် ၁၃၁

၁၅၄။ ခွင့်တစ်ရက်ပေးပါ ၁၃၂

၁၅၅။ မတွေ့နိုင်ကြတော့ဘူး ၁၃၂

၁၅၆။ ဆိတ်တစ်ကောင်မှ မတွေ့ဘူးလား ၁၃၃

၁၅၇။ အတော်ကြာလိမ့်မယ် ၁၃၅

၁၅၈။ လှူထုပါ ၁၃၅

၁၅၉။ လက်မခံဘူး ၁၃၆

၁၆၀။ သမီးမဟုတ်ဘူး ၁၃၆

၁၆၁။ ဝီစကီတော့ ၁၃၇

၁၆၂။ ဒီလောက်မိုက်တာ ၁၃၈


www.burmeseclassic.com

www.burmeseclassic.com

## အမှာ

စာရေးသူ အနေနှင့် ဟာသစာအုပ် သုံးအုပ်ကို ရေးသား ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ရေးသားသည် ဆိုသည်ထက် မူရင်း အင်္ဂလိပ်ဘာသာမှ မြန်မာလို ဆီလျော်အောင် ပြန်လည်ရေးသားခြင်း ဖြစ်ပါသည်။ ထိုဟာသ များမှာ Reader's Digest မဂ္ဂဇင်းပါ ဟာသအခန်းများမှ အများဆုံး ဖြစ်ပါသည်။ တချို့ကိုမူ ဟာသပေါင်းချုပ် စာအုပ်များမှ ကောက်နုတ်ရွေးချယ်ခဲ့ခြင်း ဖြစ်ပါသည်။ ယင်း ဟာသစာပေမှာ ကျွန်တော်တို့နိုင်ငံတွင် စာတစ် စောင် ပေတစ်ဖွဲ့အနေနှင့် မရှိသေးပါ။ ယခင်က ဟာသပေါင်းချုပ် စာအုပ်များကို စုဆောင်း ထုတ်ဝေ ခဲ့မှုများ ရှိခဲ့သော်လည်း အရည်အတွက်အား ဖြင့် မများလှပါ။

ယခင်က မဂ္ဂဇင်းများတွင် စာဖောင်ဖြည့် သည့် အနေနှင့် ဟာသ အတိုအထွာများကို ဖော်ပြခဲ့သလို တချို့မဂ္ဂဇင်းများကမူ အခန်းတစ်ခန်း သီးသန့်ပေး၍ ဖော်ပြခဲ့ပါသည်။ ယင်းအစဉ်အလာ မှာ ယခုမှ မဟုတ် ပါ။ စစ်ကြိုခေတ် မဂ္ဂဇင်းများ မြန်မာနိုင်ငံတွင် ပေါ်ဦးစ ကာလကတည်းကပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

( ၁ )

ဤနေရာတွင် အကြောင်း တိုက်ဆိုင်၍ အစောဆုံး တွေ့ရသော (အစောဆုံးဟု ဆိုလိုက်သည်မှာ စာရေးသူ တွေ့ခဲ့ဖူးသည်ကို ဆိုလိုခြင်း ဖြစ်ပါသည်။ ယခု ဖော်ပြသည့် အချိန်ထက်လည်း စောချင်စောပါလိမ့်မည်။)

ယခု ကြုံကြိုက်၍ ထိုအကြောင်းကို ရေးသား တင်ပြရခြင်း ဖြစ်ပါသည်။ တွေ့သမျှတွင် အစောဆုံး မှာ ကိုလိုနီခေတ်ဦးပိုင်းက ထုတ်ဝေခဲ့သော မြန်မာ့ သံတော်ဆင့် သတင်းစာတွင် ဖြစ်ပါသည်။ ထို သတင်းစာမှာ ၁၈၇၂ ခုနှစ်လောက်က စတင် ထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။ ယင်းသတင်းစာ၌ ဟာသအခန်း တစ်ခန်း ပါပါသည်။ ယင်းအခန်းကို အင်္ဂလိပ်လို Chit-Chat ပျက်ရယ်မှု စကားဟူ၍ ခေါင်းတပ်ထားပါသည်။ သို့သော် မြန်မာလို ဖော်ပြ ရာတွင် တစ်ခါတစ်ရံ မတွေ့ပါ။ ပျော်ရွှင်စရာစကား၊ ရယ်စရာအကြောင်း၊ ရယ်ရွှင်ဘွယ်ရာ အကြောင်း စသည်ဖြင့် သုံးနှုန်းသည်ကို တွေ့ရပါသည်။

ထို့ကြောင့် ထိုစဉ်ကပင် စာနယ်ဇင်းများ၌ ဟာသကို နေရာတစ်နေရာပေး၍ တလေးတစား ထည့်ခဲ့သည်ဟု ယူဆမိပါသည်။ ထိုသို့ ဖော်ပြခဲ့ သော ဟာသများမှာလည်း အများအားဖြင့် မြန်မာ မူရင်းများ ဟုတ်ဟန်မတူပါ။ နိုင်ငံခြား ဟာသများ အထူးသဖြင့် အင်္ဂလိပ်စာနယ်ဇင်းများတွင် ထိုစဉ်က ဖော်ပြခဲ့သော ဟာသများကို မြန်မာမှုပြုထားခြင်း ဖြစ်မည်ဟု စာရေးသူယူဆပါသည်။ ထို့ကြောင့် ထိုစဉ်က ဖော်ပြခဲ့သော ဟာသ တစ်ပုဒ်ကို ကောက်နုတ် တင်ပြပါမည်။

www.burmeseclassic.com

www.burmeseclassic.com

( ၈ )

'အဆင်းလှသော မိန်းမ တစ်ယောက်သည် အရုပ်ဆိုးသော လူတစ်ယောက်ကို လမ်းမှာတွေ့သော အခါ လက်ကိုဆွဲ၍ ဓာတ်ပုံရိုက်ရအောင် ကျွန်မနှင့် အတူလိုက်ခဲ့ပါဟု ခေါ်သွားလေ၏။

အရုပ်ဆိုးသောသူက စိတ်ကူးသေးသည်။ ယနေ့များဖြင့် သိကြားနတ်မ၊ ဤမိန်းမလှကို ငါရတော့မည် အထင်နှင့် လိုက်လေ၏။ ရုပ်ပုံကူးကြပြီးနောက် ထိုမိန်းမလှသည် အရုပ်ဆိုး၏ ရုပ်ပုံကို ရုပ်ပုံကူးသည့် ဆရာနှင့် အရုပ်ဆိုးရှေ့တွင် ဖယောင်းတိုင်ကို မီးထွန်း၍ မီးရှို့ပြီးလျှင် ရွတ်စနဲ ရထားငှား၍ ထွက်သွားလေ၏။ ထိုအခါ အရုပ်ဆိုးက ရုပ်ပုံကူးသူသည့်ဆရာအား မေးသည်မှာ ကျွန်တော့်ရုပ်ပုံကို ထိုမိန်းမလှ မီးရှို့၍ ထွက်သွားသည့် အဓိပ္ပာယ်ကို ပြောစမ်းပါဆရာဟုဆိုလျှင် ဆရာက ထိုမိန်းမလှ အထက်က ပြောဖူးသည့် စကားမှာ တစ်ရံသောညဉ့်တွင် ထိုမိန်းမလှကို တစ္ဆေ ချောက်၍ ဆေးဆရာတို့ကနောင်နှလုံးထိတ်၍နေမည်။ နှလုံးမထိတ်ရအောင် ငင်းတစ္ဆေနှင့် ရုပ်ပုံတူလူ၏ အရုပ်ကို မီးနှင့်ရှို့ရမည်။ ထိုစကားကို အရုပ်ဆိုးကြားလျှင် အလွန်စိတ်ဆိုး ဒေါသထွက်၍ စားပွဲကို လက်သီးနှင့် ဆောင့်ပြီးလျှင် ကြိမ်းပစ်၍ ဆိုသွားသော စကားမှုကား အထင်ခြင်း ကွာလိုက်လေတယ်'

အထက်ဖော်ပြသော ဟာသ(သို့) ပျော်ရွှင်စရာ စကားမှာ ၁၈၇၄ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့ စနေနေ့ထုတ် မြန်မာ့သံတော်ဆင့်သတင်းစာမှ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။ ထိုစဉ်က အရေးအသား၊ အသုံးအနှုန်း၊ အခေါ်အဝေါ်များကို သတိပြုမိမည် ထင်ပါသည်။

မည်သို့ပင် ဆိုစေကာမူ စာနယ်ဇင်းများတွင် ဟာသများကို နေရာပေး၍ ဖော်ပြခဲ့သည်မှာ ထင်ရှား ပါသည်။ နောင်လည်း ထိုဟာသများမှာ မူကွဲအမျိုးမျိုး ပြောင်း၍ စာနယ်ဇင်းများတွင် ပါနေဦးမည် ဖြစ်ပါသည်။

ထို့ကြောင့် စာရေးသူအနေနှင့် ဟာသများကို စာနယ်ဇင်းများမှ ဖတ်ရှု ရွေးချယ်ပြီး မိမိတို့နှင့် ကိုက်ညီဆီလျော်မည့် ဟာသများကို တင်ပြနေခြင်း ဖြစ်ပါသည်။ ယခု ဟာသများမှာမူ ယောကျ်ားတို့၏ သဘောသဘာဝ၊ အမူအကျင့် စရိုက်ကို ဖော်ကျူးထားသည့် ဟာသများ ဖြစ်ပါသည်။

ထိုဟာသများကို စာဖတ်သူများအနေနှင့် ဖတ်ရှုပြီး မိသားစုအတွင်း မိတ်ဆွေသူငယ်ချင်းများကြားတွင် ပြန်လည် ဖောက်သည်ချ၍ ရယ်မောပျော်ရွှင် နိုင်ကြပါစေဟု ဆုမွန်တောင်းလိုက်ပါသည်။

တင်ဆွေမိုး

www.burmeseclassic.com

www.burmeseclassic.com



## ၁။ မေ့သွားပြီထင်တယ်

ကုန်တိုက်ကြီးတစ်တိုက်ရှိ အမျိုးသား ရှပ်အင်္ကျီများ ရောင်းသည့် နေရာသို့ ချောမောလှပသော မိန်းမပျိုကလေးတစ်ဦး ရောက်လာသည်။ ရှပ်အင်္ကျီတစ်ထည်ကို ရွေးကာ အနီးရှိ အရောင်းစျေးသည် အမျိုးသားကြီးထံ လှမ်းပေးပြီး ပြောလိုက်သည်။

'ဒီအင်္ကျီယူမယ်၊ အင်္ကျီပေါ်က မူလစျေးနှုန်း စာရွက်ကလေးကို မဖြုတ်လိုက်ပါနဲ့နော်၊ ကျွန်မယောကျ်ားကို ပြချင်လို့ပါ၊ သူက စျေးအလျှော့အတင်း တစ်ခါမှ မဝယ်ဖူးဘူးလို့ ပြောလို့ပါ'

စျေးရောင်းသူလည်း အင်္ကျီကို ထုပ်ပိုးရင်းက အမျိုးသမီးငယ်ကို တစ်ချက်ကြည့်လိုက်ပြီး ပြောလိုက်သည်။

'ခင်ဗျား ယောကျ်ားက အိမ်ထောင်ကျတဲ့နေ့ကို မေ့သွားပြီ ထင်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



## ၂။ မနေ့က

အလွန်တစ်ရာမှ ကြေကွဲ ဝမ်းနည်းနေသည့် လူတစ်ယောက်သည် ကျွန်တော်၏ ပန်းရောင်းသောဆိုင်သို့ ရောက်လာသည်။ ကျွန်တော်လည်း ထိုသူသည် ဈာပနအတွက် ပန်းဝယ်မည့်သူဟု ထင်လိုက်သည်။ သို့သော် ကျွန်တော် အတွက်မှားသွားပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုလူက အိမ်ထောင်ကျသည့် နှစ်လယ်နေ့အတွက် ပန်းတစ်ခြင်း မှာလိုက်၍ ဖြစ်ပါသည်။ ကျွန်တော်လည်း အံ့အားသင့်သွားပြီး မေးလိုက်ပါသည်။

'ဘယ်နေ့အတွက်လဲ ခင်ဗျ'

သူက စိတ်ပျက်လက်ပျက်နှင့် ပြန်ဖြေပါသည်။

'မနေ့ကပါကွာ'

## ၃။ စောင့်နိုင်ပါတယ်

ကျွန်တော့် ဆံပင်ညှပ်ဆိုင်သည် စနေနေ့ဖြစ်သဖြင့် လူအလွန်ကျလျှက်ရှိသည်။ လူတစ်ယောက်သည် ဆိုင်ထဲဝင်လာပြီး လူများစောင့်နေသည်ကို တွေ့သဖြင့် မေးလိုက်သည်။

'ကျွန်တော်ဆံပင်ညှပ်မလို့၊ ဘယ်လောက်စောင့်ရဦးမလဲ

www.burmeseclassic.com

www.burmeseclassic.com





'အနည်းဆုံး တစ်နာရီခွဲလောက်တော့ စောင့်ရဦးမယ် ခင်ဗျ'

ထိုသို့ ပြောလိုက်သော်လည်း ထိုသူသည် ခုံလွတ်တစ်နေရာတွင်ဝင်ထိုင်ပြီး မဂ္ဂဇင်းတစ်စောင်ကောက်ယူဖတ်ရှုနေတော့သည်။ ဤသို့နှင့် သူ့အလှည့်ရောက်လာရာ အချိန်တော်ကြာကြာ စောင့်နေရသဖြင့် ကျွန်တော်က တောင်းပန်စကား ပြောလိုက်ပါသည်။ ဤတွင် ထိုလူက ပြန်ပြောလိုက်သည်။

'ကိစ္စမရှိပါဘူးဗျာ၊ ကျွန်တော် အရင်မလိုပါဘူး၊ အိမ်က မိန်းမက ဒီနေ့မှာ ကျွန်တော့်ကို မြက်ရိတ်ခိုင်းနေတာဗျ'

## ၄။ ငါးရှာတာက

တစ်နေ့တွင် အမျိုးသမီး တစ်ယောက်သည် အိမ်တွင် လုပ်ကိုင်နေရင်း သူ၏ မျက်စိကပ် မှန်သည် အမှိုက်များ အပြည့်ရှိနေသော အမှိုက်ပုံးထဲသို့ ပြုတ်ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် အမှိုက် ပုံးထဲတွင် မွှေနှောက် ရှာဖွေသော်လည်း မတွေ့ဘဲ ဖြစ်နေသည်။ ခင်ပွန်းသည် ရောက်လာပြီး အမှိုက်ပုံးထဲတွင် ရှာဖွေရာ မကြာခင်ပြန်တွေ့သည်။ ထိုအခါ ဇနီးသည်က မေးလိုက်သည်။

'မောင် ဘယ်လိုလုပ်ပြီး ရှာလိုက်တာလဲ ဟင်'

'လွယ်ပါတယ်ကွာ၊ မင်းက မျက်စိကပ်မှန် သေးသေး လေးကို ရှာတာကိုးကွ၊ ငါက ၂၅ ဒေါ်လာတန်ကို ရှာတော့ တွေ့တာပေါ့'

## ၅။ ဖယောင်း၊တိုက်ထား၊တာ

ကျွန်မတွင် ယောကျ်ားကလေး မိတ်ဆွေတစ်ယောက်ရှိသည်။ သူ့ကို ကျွန်မက အရက်အကြောက်ကြီးသူ မိန်းကလေးများနှင့် ရောနှောရမှာ အလွန်ဝန်လေးသူဟူ၍ အမြဲတမ်း ယူဆထားမိသည်။ တစ်နေ့တွင် သူကခေါ်သဖြင့် ရုပ်ရှင် လိုက်သွားရာ လမ်းကွေ့တစ်နေရာအရောက်တွင် ကားကို အရှိန်နှင့် ကွေ့လိုက်သည်။ ထိုအခါ ကျွန်မသည် ထိုင်ခုံမှနေ၍ လျှောပြီး သူ့ဘေးသို့ ရောက်သွားလေသည်။ ထို့ကြောင့် ကျွန်မက သူ့ထိုင်ခုံများမှာ အလွန်ချောကြောင်း ပြောမိသည်။ ကျွန်မ မိတ်ဆွေက ပြုံးဖြီးဖြီးနှင့် ပြန်ပြောလိုက်သည်မှာ

www.burmeseclassic.com

www.burmeseclassic.com



‘ခုံတွေကို ဖယောင်း တိုက်ထားတယ်လေ’ ဟူသတည်း။

## ၆။ တစ်ခါရှိပြီ

ကျွန်မ အဘိုးဖြစ်သူကို အိမ်ထောင်သက်နှစ်ပေါင်း ၅၀ တိုင်တိုင် ပျော်ရွှင်ချမ်းမြေ့စွာနေထိုင်ခြင်းနှင့် ပတ်သက်၍ မေးသည့်အခါ အောက်ပါအတိုင်း ပြောပြလေသည်။

‘အေး၊ ငါတို့လက်ထပ်ပြီးတာနဲ့ ခြံထဲကို ထွက်လာခဲ့ကြတယ်။ ငါ့ဇနီးသည် ဂျင်နီကလဲ နောက်ကနေ မြင်းမကလေးစီးပြီး လိုက်လာတယ်၊ ရုတ်တရက် မြင်းမကလေးက ကြောက်လန့်ပြီး ပတာတရပ်လိုက်တယ်၊ ဒီတော့ ငါက ပြောလိုက်တယ်၊ ‘တစ်ခါရှိပြီနော်’ ဆက်သွားပြီး ခဏကြာတော့ မြင်းမကလေးက ပတတ်ရပ်လိုက်ပြန်တယ်၊ ‘နှစ်ခါရှိသွားပြီနော်’ လို့ ငါက ပြောလိုက်တယ်။ ဒီလိုနဲ့ ခရီးဆက်ကြ

www.burmeseclassic.com

www.burmeseclassic.com



တာ မိုင်အနည်းငယ်ရောက်တော့ မြင်းမကလေးက ထပ်ပြီး ပတတ်ရပ်လိုက်ပြန်တယ်၊ 'ဟော သုံးခါရှိသွားပြီ'လို့ ငါက ပြောပြီး ဂျင်နီကို မြင်းပေါ်က ချလိုက်တယ်၊ ပြီးတော့ ငါက သေနတ်ကို ဆွဲထုတ်ပြီး အဲဒီ မြင်းမကလေးကို သတ်ပစ်လိုက်တယ်။

'မြင်းမကလေးကို အဲဒီလို ပစ်သတ်လိုက်လို့ ဂျင်နီလဲ အတော့်ကို စိတ်မကောင်း ဖြစ်သွားတာပေါ့၊ သူ့မျက်စိရှေ့မှာပဲ ရက်စက်မှုကြီးကို တွေ့လိုက်ရတာကိုး၊ သူ့အနေနဲ့ တုန်လှုပ်ခြောက်ချွံ့နေတာပေါ့။

'ဒါနဲ့ ငါလဲ သူ့စိတ်ငြိမ်သွားတဲ့အထိ စောင့်နေလိုက်ပါတယ်၊ ပြီးတော့မှ ပြောလိုက်တယ်။

'အေး တစ်ခါရှိပြီနော်'

## ၇။ နာမည်မပါလို့ပေါ့

မိုက်ဆိုသူက သူငယ်ချင်း ဂျော့ကို ပြောပြသည်။

'ငါ ဘာလုပ်ရမလဲကွ၊ လူတစ်ယောက်ဆီက စာတစ်စောင် ရတယ်ကွ၊ သူ့မိန်းမကိုဆက်ပြီး အရောဝင်နေရင် သတ်ပစ်မယ်တဲ့'

www.burmeseclassic.com

www.burmeseclassic.com





'မင်း အဲဒီမိန်းမနဲ့ အဆက်ဖြတ်လိုက်ပေါ့ကွ'

'မင်း ပြောတော့ လွယ်လိုက်တာ'

'ဘာဖြစ်လို့လဲ၊ မင်းက အဲဒီမိန်းမကို သိပ်စွဲလမ်းနေလို့လား'

'မဟုတ်ပါဘူးကွာ၊ အဲဒီလူက စာမှာ သူ့နာမည်ရေးမထားလို့ကွ'

## ၈၊ မှတ်မိပါတယ်

ဒေါသတကြီးနှင့် အမျိုးသမီးတစ်ယောက်သည် တရားရုံးတော်သို့ ရောက်လာပြီး သူ့ ယောကျ်ားနှင့် ကွာရှင်းခွင့်တောင်းသည်။

'ကျွန်မ ယောကျ်ားဟာ မြင်းလောင်းတာကလွဲလို့ တခြား ဘာမှမလုပ်ဘူး၊ တစ်ချိန်လုံးလိုလို မြင်းလောင်းဖို့ပဲ စဉ်းစားနေတယ်၊ သူ့ခေါင်းထဲမှာလဲ မြင်းလောင်းဖို့ကလွဲလို့ တခြား ဘာမှ မရှိဘူး၊ ကျွန်မတို့ လက်ထပ်တဲ့ရက်ကို သူ့ မေးကြည့်ပါလား။ မှတ်မိလားလို့'

www.burmeseclassic.com

www.burmeseclassic.com



'သူ အလကားလျှောက်ပြောနေတာပါ တရားသူကြီးမင်း ခင်ဗျား၊ သူနဲ့ ကျွန်တော် လက်ထပ်တဲ့နေ့ကို မှတ်မိပါတယ်၊ အဲဒီနေ့က ကင်ဘတ်ကီးမြင်းပွဲမှာ တွမ်တီးဂရင်းဆိုတဲ့မြင်း နိုင်တဲ့နေ့ပါ ခင်ဗျာ'

## ၉၊ ထားလိုက်ပါတော့

လူတစ်ယောက်သည် အိမ်သို့ ခါတိုင်းလိုပင် ညအတော်ကြီး မိုးချုပ်မှ ပြန်ရောက်လာလေသည်။ သို့နှင့် အိမ်ခန်းထဲသို့ တိတ်တဆိတ် ဝင်လာရာ ဇနီးဖြစ်သူမှာ နိုးသွားပြီး လှမ်းမေးလိုက်သည်။

'ဘယ်သူလဲ၊ ဂျွန်လားဟင်'

ထိုအခါ ယောကျ်ားဖြစ်သူက ပြန်ပြောလိုက်သည်မှာ

'အေး ဟုတ်တယ်၊ ဂျွန်ပဲ ထားလိုက်ပါတော့' ဟူသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ၁၀။ အဲဒီအပင်မျိုး ရဦးမလား။

ဆီဇာကိုဆိုသူသည် သူ့သူငယ်ချင်း တစ်ယောက်ကို လူတစ်ယောက်အကြောင်း ပြောပြနေသည်။ ထိုသူမှာ သူ၏ ဇနီးဖြစ်သူက သူတို့ခြံထဲရှိ သဖန်းပင်တွင် ဆွဲကြိုးချ၍ သတ်သေသွားသဖြင့် ဝမ်းနည်းပူဆွေးနေကြောင်းကို ပြောပြခြင်း ဖြစ်သည်။ ထိုအခါ ဆီဇာကို၏ သူငယ်ချင်းက မေးလိုက်သည်။

'ဒီလိုဆိုရင်ဗျာ အဲဒီလို အပင်မျိုး ရနိုင်ဦးမလား၊ ကျွန်တော့်ခြံထဲမှာ စိုက်ချင်လို့ပါ'

## ၁၁။ မင်းမှ မသုံးသေးတာ

ငွေကြေးကို စစ်စစ်စီစီသုံးတတ်သည့် လူတစ်ယောက်သည် သူ့ဇနီးဖြစ်သူအတွက် တန်ဖိုးကြီးသော လက်ဆောင်များကို ဝယ်ပေးလေ့ မရှိပေ။ သို့သော် ၎င်းတို့၏ ၂၅ နှစ်မြောက် လက်ထပ်သည့် နှစ်ပတ်လည်နေ့တွင် ဇနီးဖြစ်သူအတွက်

www.burmeseclassic.com

www.burmeseclassic.com



သချိုင်းမြေတစ်ကွက်ကို လက်ဆောင်အဖြစ် ဝယ်ပေးလေသည်။

ဤသို့နှင့် နောက်နှစ်ပတ်လည်နေ့ မတိုင်မီတွင် လင်မယားနှစ်ယောက်သည် စကားများကြပြီး ရက်အတော်ကြာအောင် စကားမပြောကြပေ။ ထိုနှစ်လည်နေ့သို့ ရောက်လာရာ ယောကျ်ားဖြစ်သူအိမ်ပြန်လာသည့်အခါ ဇနီးသည်က စိတ်ပြေသွားသည့်ဟန်နှင့် မေးလိုက်သည်။

'မောင်၊ ဒီနေ့ ဘာနေ့လဲ သိလား'

'အေး သိသားပဲ၊ နှစ်ပတ်လည်နေ့လေ'

'ဒါဆိုရင် မောင်က ခင့်ကို ဘာမှလဲ မပေးသေးပါလား'

'မပေးတော့ဘူးလေ၊ မနှစ်ကပေးထားတာမှ မင်းမသုံးသေးတာ'

## ၁၂။ သတိမထားမိပါဘူး

သူငယ်ချင်းနှစ်ယောက်သည် အမျိုးသမီး တစ်ယောက်အကြောင်းကို ပြောဆိုနေကြသည်။

'မစွစ်စမစ်ကို မင်း သတိထားမိလားကွ၊ ငါက သူ့ကို သူ့သမီးထက်တောင် အရွယ်တင်သေးတယ်လို့ ပြောလိုက်တော့ သိပ်သဘောကျသွားတာလေ'

www.burmeseclassic.com

www.burmeseclassic.com





'ဟင့်အင်း၊ ငါ မတွေ့လိုက်မိဘူး၊ ငါက သူ့သမီးကို ကြည့်နေရတာနဲ့ သူ့အမေကို သတိမထားလိုက်မိပါဘူးကွာ'

## ၁၃။ သူ့အင်္ကျီ မင်းသဘောကျရဲ့လား

ငယ်ရွယ်သေးသော အိမ်ထောင်သည် ယောကျ်ား တစ်ယောက်သည် သူ့မိတ်ဆွေ အိမ်ထောင်သည် တစ်ဦးအား ပြောပြနေသည်။

'မနေ့က ကျွန်တော် အိမ်ပြန်ရောက်တော့ ကျွန်တော့် မိန်းမက ဆီးပြီး အနမ်းနဲ့ ကြိုတယ်၊ ပြီးတော့ ထမင်းဟင်းတွေ ချက်ထားတာလဲ စုံနေတာပဲ၊ စားသောက်ပြီးတော့လဲ သူ့အိုးခွက်တွေဆေးတာ ကျွန်တော့်ကို မကူခိုင်းဘူး၊ ကျွန်တော့်ကို အေးအေးဆေးဆေး စာဖတ်နေတဲ့ဗျ'

ထိုအခါ ကြားဖြတ်၍ သူ့ထက် အိမ်ထောင်သက် ကြာပြီဖြစ်သော မိတ်ဆွေက မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီ မင်း မိန်းမဝယ်ထားတဲ့ အင်္ကျီသစ်ကို မင်း သဘောကျတယ် မဟုတ်လား'

၁၄။ ဘယ်သူပြောနိုင်မလဲ။

အလွန်တရာမှ ချမ်းသာကြွယ်ဝသော လူတစ်ယောက်သည် သူ့သမီးအား လက်ထပ်ယူမည့် ကောင်လေး တစ်ယောက်ကို ပြောလိုက်သည်။

'မင်းက ငါ့သမီးကို ပိုက်ဆံကြောင့် လက်ထပ်တာ မဟုတ်ဘူးလို့ ဘယ်သူက ပြောနိုင်မှာလဲ'

'ဒါကတော့ ခင်ဗျာ ကျွန်တော်ရော ဦးလေးရော စွန့်စားရမယ့်ကိစ္စ ဖြစ်ပါတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ဦးလေးအနေနဲ့ နောက်တစ်လ နှစ်လအတွင်းမှာ လုပ်ငန်း တွေ ဆုံးရှုံးပြီး မမွဲသွားနိုင်ဘူးလို့ ဘယ်သူက ပြောနိုင်မှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



## ၁၅။ နားကန်းသွားတာ မှတ်လို့

အဝေးပြေး လမ်းမကြီးပေါ်တွင် မောင်းသွားသည့် မော်တော်ကားတစ်စီးကို ရဲအရာရှိက နောက်ကလိုက်လာပြီး ရပ်ခိုင်းလိုက်သည်။ ထိုအခါ မော်တော်ကား မောင်းသူက ရပ်ပေးလိုက်ပြီး သူ့လိုင်စင်ကို ထုတ်ပေးကာ မေးလိုက်သည်။

'ဘာဖြစ်လို့လဲ ခင်ဗျာ'

'ကျန်ခဲ့တဲ့ သုံးမိုင်လောက်မှာ ခင်ဗျား ကားပေါ်က ခင်ဗျား မိန်းမ ကျကျန်ရစ်ခဲ့တာ မသိဘူးလား'

'ဟုတ်လား၊ ကျေးဇူးပါပဲဗျာ၊ ကျွန်တော်က ကျွန်တော် နားကန်းသွားပြီမှတ်လို့'

## ၁၆။ တစ်နာရီမှာ မိနစ်ခြောက်ဆယ်

စက်ရုံ တစ်ရုံတွင် အလုပ်သမားတစ်ယောက်က ကျန် တစ်ယောက်ကို ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟိုကောင်တွေ သပိတ်မှောက်နေကျတယ်ကွ၊ မင်း သိလား'

'ဟုတ်လား၊ ဘာကိစ္စလဲ'

'အချိန် လျှော့ပေးဖို့ပေါ့'

'ဟာ သိပ်ကောင်းတာပေါ့၊ တစ်နာရီမှာ မိနစ် ခြောက်ဆယ်ရှိတာက သိပ်များလွန်းပါတယ်လို့ ငါက အမြဲတမ်းတွေးနေတာကွ'

## ၁၇။ စိတ်ပါ လက်ပါ

ဆရာဝန်က သူ့လူနာကို ပြောလိုက်သည်။

'ခင်ဗျားရဲ့ စိတ်ကျရောဂါကို ကုသဖို့ကတော့ ခင်ဗျားဟာ နေ့စဉ်လုပ်နေကျ အလုပ်တွေမှာ စိတ်ပါ လက်ပါနဲ့ လုပ်ဖို့လိုအပ်ပါတယ်၊ ဥပမာဗျာ အိပ်ရာက ထတယ် ဆိုပါတော့ တက်တက်ကြွကြွနဲ့ စိတ်ပါလက်ပါ ထဖို့ လိုပါတယ်။ အလုပ်ကိုသွားရင်လဲ စိတ်ပါ လက်ပါနဲ့ သွားရမယ်၊ အိုဗျာ ဘာပဲလုပ်လုပ် စိတ်ပါလက်ပါလုပ်ဖို့ လိုအပ်ပါတယ်'

တစ်ပတ်ခန့်ကြာသောအခါ ထိုလူနာသည် ဖခင်က ထက် ပို၍ စိတ်ပျက်လက်ပျက် အမူအရာနှင့် ဆရာဝန်ထံ

www.burmeseclassic.com

www.burmeseclassic.com





ပြန်ရောက်လာသည်။ ထိုအခါ ဆဲရာဝန်က သူပြောသည့် အတိုင်း မလုပ်ဘူးလားဟူ၍ မေးလိုက်သည်။ လူနာက ပြန်ပြောလိုက်သည်မှာ

'အဲဒါကြောင့် ဒုက္ခရောက်တာပေါ့၊ ကျွန်တော် ဆရာပြောသလို အိပ်ရာကထတော့ စိတ်ပါ လက်ပါ ထပါတယ်၊ မနက်စာကိုလဲ စိတ်ပါ လက်ပါနဲ့ စားပါတယ်၊ အဲဒါ အလုပ်သွားခါနီး မိန်းမကိုနှုတ်ဆက်အနမ်းလဲ စိတ်ပါ လက်ပါ နမ်းလိုက်တာ အလုပ်ကို နှစ်နာရီလောက် နောက်ကျပြီးမှ ရောက်သွားပါတယ်၊ အဲဒီမှာ ကျွန်တော့်ကို အလုပ်က ဖြုတ်ပစ်လိုက်တာပါပဲ ဆရာ'

## ၁၈။ မနာလိုတာ

ပီတာဆိုသူက သူ့သူငယ်ချင်းတစ်ယောက်အား သူအလုပ် ပြုတ်သွားပြီဖြစ်ကြောင်း ပြောပြနေသည်။ ထိုအခါ သူ့ သူငယ်ချင်းက တအံ့တသြနှင့် မေးလိုက်သည်။

'မင်းကို ဘာဖြစ်လို့ ဖိုမင်က အလုပ်ဖြုတ်လိုက်တာ လဲကွ'

www.burmeseclassic.com

www.burmeseclassic.com



'မင်းကလဲကွာ၊ ဖိုမင်ဆိုတာ ဘယ်လိုလူတွေလဲဆိုတာ မင်း သိသားပဲ၊ အားလုံး အလုပ်လုပ်နေကြတဲ့ အချိန်မှာ ဖိုမင်ဆိုတဲ့သူက ဘောင်းဘီအိတ်ထဲလက်ထည့်ပြီး ဇိမ်နဲ့ လိုက်ကြည့်နေတတ်တာ မဟုတ်လားကွ'

'အေးလေ၊ ဒါလူတိုင်းသိတာပဲ၊ မင်းကို အလုပ်ဖြုတ်လိုက်တာနဲ့ အဲဒါနဲ့ ဘာဆိုင်လို့လဲ'

'မနာလိုတာပေါ့ကွာ၊ အလုပ်သမားတွေအားလုံးက ငါ့ကို ဖိုမင်လို့ ထင်နေတာကွ'

## ၁၉။ ဘယ်သူထင်လို့လဲ

နံနက်စောစော ဝေလီဝေလင်း အချိန်လောက်တွင် မိန်းမပျို ကလေး တစ်ဦးသည် အခန်းပြတင်းပေါက်ကို တဒေါက် ဒေါက်နှင့် ခေါက်သံကြားရသဖြင့် ဖွင့်ကြည့်လိုက်သည်။ ထိုအခါ ပြတင်းပေါက်ကို လှေကားထောင်၍ တက်လာသော သူ့ချစ်သူကို တွေ့ရသည်။ အမှန်မှာ သူတို့နှစ်ယောက်သည် ကြိုတင်ချိန်းဆိုထားပြီး မိန်းကလေးက ခိုးရာလိုက်မည် ဖြစ်သည်။ ချစ်သူကောင်ကလေးက မေးလိုက်သည်။

'အဆင်သင့် ဖြစ်ပြီလား ဟင်'

'အဆင်သင့်ပါပဲ၊ စကားတိုးတိုးပြောပါ၊ မေမေ နိုးသွားလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဖေဖေ နိုးသွားမယ် ဟုတ်လား၊ အခု လှေကားကို အောက်ကနေ ကိုင်ပေးထားတာ ဘယ်သူလို့ထင်လဲ'

## ၂၀၊ သုံးခါ

ကျွန်တော်သည် ကျွန်တော့်ချစ်သူအား သူ့မွေးနေ့တွင် ရွှေဆွဲကြိုးတစ်ကုံး ဝယ်ပေးမည်ဟု ကတိပေးလိုက်ပြီး ရတနာဆိုင် တစ်ဆိုင်သို့ သွားကြည့်ကြပါသည်။ ကျွန်တော်တို့ နှစ်ယောက်စလုံး နှစ်သက်သဘောကျသော ဆွဲကြိုးကို တွေ့သဖြင့် ဈေးမေးကြည့်ပါသည်။ ဆိုင်ရှင်က ဈေးပြောလိုက်ရာ ကျွန်တော်က ရှီးခနဲ ပါးစပ်မှ အသံထွက်လိုက်မိပါသည်။ ထို့နောက် အခြား ရွှေဆွဲကြိုးတစ်ကုံးကို တွေ့သဖြင့် 'ဒီဆွဲကြိုးကရော ဘယ်လောက်လဲ' ဟု မေးလိုက်ပါသည်။

ဆိုင်ရှင်က ပြန်ဖြေလိုက်သည်မှာ

'ဒီဆွဲကြိုးက ခင်ဗျားအတွက်ဆိုရင် ရှီခနဲ သုံးခါလောက် ပေးရပါလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



## ၂၁။ ခြောက်ခွက်ဆိုရင်

ကော်ဖီဆိုင် တစ်ဆိုင်သို့ လူတစ်ယောက် ရောက်လာပြီး ကောင်တာပေါ်သို့ ခါတ်ဘူးကြီးတစ်ဘူးတင်၍ မေးသည်။

'ဒီခါတ်ဘူးထဲ ကော်ဖီ ဘယ်နှစ်ခွက်ဆံ့မလဲ'

ဆိုင်ရှင်က 'ခြောက်ခွက်ဆံ့ပါတယ်'ဟု ပြန်ဖြေလိုက်သည်။

'ကဲ ဒါဆိုရင် ရိုးရိုးကော်ဖီက နှစ်ခွက်၊ ဘလက်ကော်ဖီက နှစ်ခွက်နဲ့ မလိုင်နဲ့ ကော်ဖီက နှစ်ခွက်ထည့်ပေးပါ'

## ၂၂။ ပျောက်သွားပြီ

လူတစ်ယောက်သည် ဆေးဆိုင်တစ်ဆိုင်သို့ ရောက်လာပြီး စကားပြောသည့်အခါ ချောင်းက တဟွတ်ဟွတ်နှင့် ဆိုးလာသည်။ သို့နှင့် ဆိုင်ရှင်က ပြောလိုက်သည်။

'ဘာပြောတာလဲ ခင်ဗျ၊ ကျွန်တော် နားမလည်လိုက်ဘူး'

ထိုအခါ ထိုသူက ချောင်းဆိုးနေသည့်ကြားက ထပ်ပြောလိုက်သည်။

'ခင်ဗျား ဘာပြောတာလဲဆိုတာ ကျွန်တော် နားမလည်သေးဘူး'

www.burmeseclassic.com

www.burmeseclassic.com





ဆိုင်ရှင်က ပြောလိုက်ပြီး ခဏနေဦးဟုဆိုကာ ဆိုင်နောက်ဘက်သို့ ဝင်သွားလေသည်။ ခဏကြာသောအခါ ပြန်ထွက်လာပြီး လက်ထဲတွင် ဆေးတစ်ခွက် ထည့်လာသည်။ ဖန်ခွက်တစ်ခွက် ယူလာလေသည်။

'ကဲ ဒါသောက်လိုက်ပါ'

ချောင်းဆိုးနေသူလည်း ဆေးကို ယူသောက်လိုက်သည်။

'ကဲ ကောင်းသွားပြီ မဟုတ်လား'

'ဟုတ်ပါရဲ့ ရှင်းရှင်းကို ပျောက်သွားတာပဲ'

'ကဲ ဒါဆိုရင် ခင်ဗျား ဘာလိုချင်သလဲ ပြောလေ'

'အခုပဲ ပျောက်သွားပြီလေ'

## ၂၃။ မလိုပါဘူး

သူငယ်ချင်း နှစ်ယောက်သည် မော်တော်ကားတစ်စီး၏ မှန်ပေါ်တွင်ရေးထားသော စာကို ဖတ်နေကြသည်။

'ရောင်းရန်။ ၉၁၄-၃၃၄၁'

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တစ်ယောက်က လှည့်၍ ကျန်တစ်ယောက်ကို မေးလိုက်သည်။

'မင်း လိုချင်သလား'

'မလိုချင်ပါဘူးကွာ၊ နောက်ထပ်တယ်လီဖုန်းနံပါတ်တစ်ခုတော့ ငါ့အတွက် မလိုပါဘူး'

## ၂၄။ ဒီလိုရာသီဥတုထဲမှာ

မြို့တစ်မြို့တွင် သက်ဆိုင်ရာ မုန်တိုင်း ကျရောက်မည့်အကြောင်း ကြေညာထားပြီး မိုးကလည်း စတင်၍ သည်းထန်စွာ ရွာစပြုနေပြီဖြစ်သည်။ ထိုအချိန်တွင် ဆရာဝန်တစ်ယောက်၏အိမ်မှ တယ်လီဖုန်းက အသံမြည်လာလေသည်။ တယ်လီဖုန်းခေါ်သူက သူ့ဇနီးဖြစ်သူနေမကောင်းသဖြင့် ဆရာဝန်ကိုခေါ်ခြင်းဖြစ်သည်။ ထိုအခါ ဆရာဝန်က ပြန်ပြောလိုက်သည်။

'ဟုတ်ကဲ့၊ ကျွန်တော် လာပါ့မယ်၊ ဒါပေမယ့် ကျွန်တော့်ကားက ပျက်နေလို့ ပြင်ထားရတယ်၊ အဲဒါ ခင်ဗျား ကျွန်တော့်ကို လာခေါ်နိုင်မလား'

တစ်ဖက်က ဒေါသတကြီးနှင့် ပြန်ပြောလိုက်သည်မှာ

www.burmeseclassic.com

www.burmeseclassic.com



'ဘာပြောတယ်၊ ဒီလိုရာသီဥတုမျိုးထဲမှာ လာခေါ် ရမယ်၊ ဟုတ်လား'

## ၂၅။ ဈေးပေါပေါထဲက

ကျွန်တော်တို့အိမ်ထောင်ကျခါစက ဖြစ်သည်။ တစ်ညတွင် ဇနီးသည်၏ ငယ်သူငယ်ချင်းဖြစ်သူ ဟယ်လင်ကို ဖိတ်၍ ညစာကျွေးသည်။ ညစာစားနေရင်း အသားတုံးတစ်တုံးကို ခက်ရင်းနှင့် ထိုးလိုက်ရာ ခက်ရင်းမှာ တစ်ပိုင်းကျိုးသွားလေသည်။ ထိုအခါ ကျွန်တော်က ဟယ်လင်တစ်ယောက် အားနာ ရှက်ရွံ့သွားမည်စိုး၍ ပြောလိုက်သည်။

'ကိစ္စမရှိပါဘူး ဟယ်လင်၊ ဒါမျိုးတွေက ဈေးပေါပေါ ခပ်ညံ့ညံ့ထဲကပါ'

ဇနီးသည်က ကျွန်တော့်ဘက်ကိုလှည့်ပြီး အားနာ ပါးနာနှင့် ပြောလိုက်သည်မှာ

www.burmeseclassic.com

www.burmeseclassic.com



'မောင် ဘာတွေလျှောက်ပြောနေတာလဲ၊ အဲဒါ ဟယ်လင်က ခင်တို့ မင်္ဂလာဆောင်အတွက် လက်ဖွဲ့ထားတာတွေ မောင်ရဲ့'

၂၆။ မတားမြစ်ထားဘူး၊

မြစ်ကမ်းနံဘေး၌ ငါးမျှားနေသူတစ်ယောက်သည် ချောမော လှသော အမျိုးသမီးတစ်ဦး ရေဆင်းချိုးရန် အဝတ်အစား ချွတ်နေသည်ကို ကြည့်နေလေသည်။ အမျိုးသမီးက အဝတ်အစားချွတ်ပြီး၍ ရေထဲဆင်းရန် ပြင်လိုက်သည့်အခါ လှမ်းအော်ပြောလေသည်။

'ဟေ့ ဒီမှာ ရေမချိုးရဘူးလို့ တားမြစ်ထားတယ်'

'ရှင် ဒါဆိုရင် ကျွန်မ အဝတ်အစားချွတ်နေတုန်းက ဘာဖြစ်လို့ မပြောတာလဲ'

'ဟ အဝတ်အစား မချွတ်ရဘူးလို့တော့ တားမြစ်မှ မထားတာဘဲကွ'

www.burmeseclassic.com

www.burmeseclassic.com





## ၂၇။ လိုချင်တာက

လူငယ်တစ်ယောက်သည် မစ္စတာဂျိုး ဆိုသူထံ လာ၍ ကြောက်ရွံ့ပြီး စကား ထစ်ထစ်အအနှင့် ပြောလိုက်သည်။

'မစ္စတာဂျိုး၊ ကျွန် ကျွန်တော် အင်း အဲ ရနိုင်မလားလို့ ဟို ဟာ'

'ဘာလဲကွ၊ ရပါတယ် မင်း သူ့ကို လိုချင်ရင် ရမှာပေါ့'

ထိုအခါ လူငယ်က ထိတ်ထိတ်လန့်လန့်ဖြစ်သွားပြီး ပြန်မေးလေသည်။

'ခင်ဗျာ၊ ဘာကိုလဲ၊ ဘယ်သူ့ကို ရနိုင်တာလဲ'

'ငါ့သမီးကိုလေကွ၊ မင်း သူ့ကို လက်ထပ်ချင်တယ် မဟုတ်လား'

ထိုလူငယ်က ပျာပျာသလဲနှင့် ပြန်ရှင်းပြသည်။

'ဟင့်အင်း၊ ကျွန် ကျွန်တော်လိုချင်တာ သူ့ကို မဟုတ်ဘူးခင်ဗျ၊ ဦးလေးဆီက ပိုက်ဆံ ၂၅ ဒေါ်လာလောက် ချေးချင်တာပါ'

'ဟာ ဒါတော့ ဘယ်ရမလဲ၊ မင်းကိုမှ ငါက ကောင်းကောင်းမှ မသိတာ'

www.burmeseclassic.com

www.burmeseclassic.com



## ၂၈။ ဇာလက်ကိုင်ပဝါနဲ့လူ

ဖခင်ဖြစ်သူက သားကို မေးလိုက်သည်။

'မင်း ညက ကားယူမောင်းသေးသလား'

'ဟုတ်တယ် ဖေဖေ၊ သား မြို့ထဲက သူငယ်ချင်းတွေဆီ သွားလည်တာပါ'

'ဟုတ်လား၊ ဒါဆိုရင်ကွာ မင်းသူငယ်ချင်းတွေ ပြောလိုက်ပါ၊ ကားရှေ့ခန်းထဲမှာ သူတို့ရဲ့ ဇာပန်းထိုးထားတဲ့ လက်ကိုင်ပဝါ ကျန်ရစ်ခဲ့တယ်လို့'

## ၂၉။ နောက်မီးခြစ်တစ်လုံးနဲ့

မုဆိုးဖိုတစ်ဦးသည် သူ၏ကွယ်လွန်သွားပြီဖြစ်သော ဇနီးသည်၏ အုတ်ဂူသချိုင်းပေါ်တွင် အောက်ပါအတိုင်း စာရေးထားလေသည်။

"ကျွန်ုပ်ဘဝ၏ အလင်းရောင်သည် ကွယ်ပျောက်သွားလေပြီ"

မကြာခင်မှာပင် ထိုသူသည် နောက်အိမ်ထောင်ပြုလိုက်သည်။ တနင်္ဂနွေနေ့တစ်နေ့တွင် ကွယ်လွန်သွားသည့် ပထမဇနီးသည်၏ အုတ်ဂူသချိုင်းရှိရာသို့ နောက်မိန်းမနှင့်အတူ ရောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအုတ်ဂူပေါ်မှ လွမ်းလွမ်းဆွေးဆွေးနှင့် ရေးထားသော စာသားကို နောက်မိန်းမက ဖတ်ကြည့်ပြီး မကျေမနပ်နှင့် မေးလိုက်သည်။

'ရှင့်ဘဝဟာ စာထဲကအတိုင်းပဲပေါ့'

'ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် အခုတော့ နောက်မီးခြစ်တစ်လုံးနဲ့ မီးပြန်ထွန်းထားလိုက်ပါပြီကွာ'

## ၃၀။ ဓာတ်ပုံအပယောင်းရှိလား၊

စီးပွားရေး လုပ်ငန်းရှင်တစ်ဦးသည် ချောမောလှပ မွန်ရည်သော မိန်းမပျိုကလေးအား သူ၏ အတွင်းရေးမှူး အဖြစ် ခန့်ထားရန် ခေါ်ယူတွေ့ဆုံ မေးမြန်းပြီးနောက် ပြောလိုက်သည်။

'ကဲ မင်းဟာ ငါ့ရဲ့ အလုပ်တွေကို တော်တော် နိုင်နိုင်နင်းနင်း လုပ်နိုင်မယ်ဆိုတာ ငါ လက်ခံလိုက်ပါပြီ၊ အဲ တစ်ခုပဲ ရှိတယ်ကွ၊ မင်းမှာ ဟိုတုန်းက ရိုက်ထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ပတ်စ်ပို့ ဓာတ်ပုံ အပေါင်းကလေး ဘာလေးများ ရှိလား၊ ငါ့မိန်းမကို ပြချင်လို့ပါ'

## ၃၁။ တို့မြို့က သေးသေးလေးပါ

မက္ကဆီကိုနိုင်ငံရှိ တက်ဆကိုမြို့ လမ်းမပေါ်တွင် ပန်ချိုဆိုသူသည် သူ့သူငယ်ချင်း ဂျိုဆေနှင့် သွားတွေ့ရာ ဂျိုဆေမှာ ပျော်ရွှင်မြူးတူးနေသဖြင့် မေးလိုက်သည်။

'သူငယ်ချင်း၊ မင်း ဘာဖြစ်လို့ ဒီလောက်တောင် မြူးနေရတာလဲ'

'အချစ်ပေါ့ကွ၊ ငါ့အချစ်က ငါ့ကို လက်ထပ်မယ်လို့ ကတိပေးလိုက်ပြီကွ'

'ဟာ ဟုတ်လား၊ ပျော်စရာပေါ့၊ ဒါနဲ့ မင်းအချစ် ကောင်မလေးက ဘယ်သူလဲကွ'

'ကာမင်လေကွာ'

ထိုအခါ ပန်ချိုမှာ စိတ်ပျက်လက်ပျက်ဖြစ်သွားပြီး သူ့သူငယ်ချင်းအား သတိပေးလိုက်သည်။

'ဟာကွာ၊ မင်း အဲဒီ ကောင်မလေးကို မယူပါနဲ့ကွာ၊ ဒီကောင်မလေးက ကောင်းတာမှ မဟုတ်တာ'

'ဘာဖြစ်လို့ မင်းက ဒီလိုပြောရတာလဲ'

www.burmeseclassic.com

www.burmeseclassic.com





'ဒီမှာ သူငယ်ချင်း၊ မင်းပြောတဲ့ ကောင်မကလေးဟာ ဒီတက်ဆက်ကိုမြို့က ယောကျ်ားကလေး မှန်သမျှနဲ့ ဖြစ်ခဲ့ဖူးလို့ ပြောနေတာကွ'

ထိုအခါ ဂျိုဆေဆိုသူက ရယ်မောလျက် ပြန်ပြောလိုက်သည်မှာ

'ဟာကွာ၊ မင်းကလဲ တို့မြို့ တက်ဆက်ကိုဆိုတာ သေးသေးလေးပါကွ' ဟူသတည်း။

## ၃၂။ လက်ထပ်တဲ့နေ့မှာ

ခင်ပွန်းသည်ဖြစ်သူသည် စီးပွားရေးကိစ္စ တစ်ခုအတွက် ခရီးထွက်လာရာ ကျွန်မလည်း အတူလိုက်သွားခဲ့လေသည်။ ထိုသို့ ခရီးသွားရာတွင် ခင်ပွန်းဖြစ်သူက သူ၏ ခရီးဆောင် ကွန်ပျူတာကလေးကို ယူလာခဲ့သည်။ လေဆိပ်ရောက်သော အခါ လုံခြုံရေးအရာရှိများက ထိုကွန်ပျူတာထည့်ထားသည့် လက်ဆွဲသေတ္တာကလေးကို ဖွင့်ခိုင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလက်ဆွဲသေတ္တာမှာ လျှို့ဝှက်နံပါတ်ပေးပြီး သော့ခတ်ထားရသည်ကို ကျွန်မ၏ ခင်ပွန်းသည်က အချိန်အတော်ကြာကြာ ကြိုးစားဖွင့်နေသည်ကို လုံခြုံရေးအရာရှိကလည်း စိတ်ရှည်လက်ရှည် စောင့်ကြည့်နေလေသည်။ နောက်အတော်ကြာမှ ဖွင့်၍ရသွားသဖြင့် လုံခြုံရေးအရာရှိက ခေတ္တကြည့်ရှုကာ သွားခွင့်ပြုလိုက်သည်။

ထိုအခါက ကျွန်မက ခင်ပွန်းသည်အား မေးလိုက်သည်။

'မောင်ကလဲ သေတ္တာဖွင့်တာကြာလိုက်တာ၊ ဘာတွေစဉ်းစားနေတာလဲ'

'မှတ်ထားတဲ့ ဂဏန်းက ကိုယ်တို့လက်ထပ်တဲ့နေ့ မို့လို့ပါကွာ'

❦

## ၃၃။ ဆရာဝန် ညွှန်ကြားချက်အရ

အလွန်အမင်း ဝဖြိုးနေသော လူနာတစ်ယောက်ကို သူ့ဆရာဝန်က အောက်ပါအတိုင်းညွှန်ကြားချက် ပေးလိုက်သည်။

'အစားအသောက်ကို နှစ်ရက်လောက် အချိန်မှန်မှန်စားပေးပါ၊ ပြီး တစ်နေ့ကို တစ်ခါ ကြိုးခုန်ပေးပါ၊ အဲဒီလို နှစ်ပတ်လောက် မှန်မှန်လုပ်လိုက်ရင် ခင်ဗျား ပေါင်

www.burmeseclassic.com



ငါးပေါင်လောက် ကျသွားပါလိမ့်မယ်၊ အဲဒီတော့ ကျွန်တော့်ဆီ လာပြပါဦး'

နောက်တစ်ကြိမ် ဆရာဝန်ထံ ထိုလူနာလာပြသော အခါ ပေါင် ၂၀ လောက်ကျသွားသဖြင့် ဆရာဝန်က ဝမ်းသာအားရ မေးလိုက်သည်။

'ခင်ဗျား ကျွန်တော်ညွှန်ကြားတဲ့အတိုင်း လုပ်တယ် ထင်တယ်'

'ဟုတ်ပါတယ်၊ ဒေါက်တာပြောသလို နှစ်ရက်က အစားအသောက်ပုံမှန်စားပါတယ်၊ တစ်ရက်ကတော့ ကြိုးခုန်ပါတယ်၊ အဲဒီလိုနဲ့ တတိယနေ့ကျတော့ သေမလောက်အောင်ကို အားကုန်သွားပါတယ်'

'ဘာဖြစ်လို့လဲ၊ ဆာလို့လား'

'မဟုတ်ပါဘူး ဒေါက်တာ၊ ကြိုးခုန်ရလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



## ၃၄။ စန္ဒရားသယ်ခ

တစ်နေ့တွင် စိတ်ရောဂါကု ဆရာဝန်ထံ လူတစ်ယောက် ရောက်လာပြီး ပြောလေသည်။

'ကျွန်တော့် မိန်းမက သူ့ကိုယ်သူ စန္ဒရားလို့ထင်နေတယ်၊ အဲဒါ ကျွန်တော် ဘာလုပ်ရမလဲ ဆရာ'

'ကောင်းပြီလေ၊ ကျွန်တော့်ဆီ ခေါ်ခဲ့လေ၊ စစ်ဆေးကြည့်တာပေါ့'

'ခင်ဗျာ၊ ဆရာကလဲ စန္ဒရားတစ်လုံး သယ်ရတာ ဘယ်လောက် ကုန်တယ်ဆိုတာ သိသားနဲ့'

## ၃၅။ မရှာသေးဘူး။

လူတစ်ယောက်သည် ဒေါ်လာတစ်ထောင်ထည့်ထားသော သူ၏ ပိုက်ဆံအိတ်ကို သူ့ကိုယ်အနှံ့၌ လိုက်ရှာနေသည်။ ထိုအခါ သူ့ဇနီးသည်က မေးလိုက်သည်။

'ဘောင်းဘီအိတ်တွေထဲရော ရှာပြီးပြီလား'

'ရှာပြီးပြီကွ'

'ကုတ်အင်္ကျီ အတွင်းအိတ်ထဲမှာရော'

'ဟင့်အင်း၊ မရှာရသေးဘူး'

'ဒါဆို ဘာဖြစ်လို့ မရှာတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ အဲဒီမှာ ရှာလို့ မတွေ့ရင် ငါ နှလုံးရောဂါ ရသွားမှာပေါ့'

## ၃၆။ မှတ်ဉာဏ်သင်တန်း တက်ထားလို့

သူငယ်ချင်းများဖြစ်ကြသော ဇနီးမောင်နှံစုံတွဲ နှစ်တွဲတို့သည် အားလပ်ရက်များ၌ ဖဲကစားလေ့ ရှိကြသည်။ တစ်နေ့တွင် ထိုသို့ကစားနေရာမှ ခေတ္တခဏနားကြသည်။ ထိုအချိန်၌ ဇနီးဖြစ်သူတို့က မီးဖိုခန်းထဲသွားပြီး စားစရာသောက်စရာများ သွား၍ပြင်ဆင် လုပ်ကိုင်နေကြသည်။ ထိုအခါ သူငယ်ချင်း တစ်ယောက်ဖြစ်သူ ဂျိုးက ဖရန့်အား မေးလိုက်သည်။

'နေစမ်းပါဦးကွ၊ ခါတိုင်းဖဲကစားရင် မင်းက ဘယ်ဖဲတွေ ပစ်ထားတယ်ဆိုတာ မင်းအမြဲတမ်း မေးရတယ်၊ ဒီနေ့တော့ မင်း တစ်ခါမှ မမေးပါလား၊ ဘယ်လိုဖြစ်တာလဲ'

'ငါလား၊ မှတ်ဉာဏ်သင်တန်း တက်နေတယ်လေ ကွာ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်လား၊ မင်း သင်တန်းကျောင်းနာမည်က ဘာလဲကွ'

'နေပါဦးကွာ၊ ဟိုပန်းဟာလေ၊ ပန်းအနီလေကွာ၊ ဘာပန်းခေါ်သလဲ၊ နေစမ်းပါဦး၊ ဆူးတွေလဲ ပါတယ်လေ'

'ရိုစ်လား'

'အေးအေး ဟုတ်တယ်၊ ရိုစ်၊ ဟေး ရိုစ်'

မိဖိုထဲရှိ ဇနီးဖြစ်သူကို လှမ်းခေါ်ပြီး မေးလိုက်သည်။

'ငါတက်နေတဲ့ မှတ်ဉာဏ်သင်တန်းကျောင်း နာမည်က ဘာတဲ့လဲကွ'

## ၃၇။ အကြွေးတွေဆပ်လို့ရတယ်

ခင်ပွန်းသည်ဖြစ်သူ မိုက်နှင့် ကျွန်မတို့သည် လအတော်များများ ငွေရေးကြေးရေး အခက်အခဲနှင့် ရင်ဆိုင်ရလေသည်။ တစ်ညနေတွင်ယောကျ်ားဖြစ်သူက ကျွန်မလက်တွင် ဝတ်ထားသော လက်ထပ်သည့်အထိမ်းအမှတ် စိန်လက်စွပ်ကလေးကို စိုက်ကြည့်နေသဖြင့် ကျွန်မက

'ဒီလက်စွပ်ကလေးကလေ'ဟု ပြောခါရှိသေးသည် ခင်ပွန်းသည်က ပြောလိုက်သည်မှာ

'ငါတို့အကြွေးအားလုံး ဆပ်လို့ရတယ်'ဟူသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ၃၈၊ တစ်နေရာရာကိုလား

ကျွန်မသည် ရည်းစားဖြစ်သူနှင့် ပထမဦးဆုံး ချိန်းတွေ့ပြီး တေးဂီတပွဲတစ်ခုသို့ သွားရောက်ကြည့်ရှုကြသည်။ ပရိသတ်များ နောက်ဘက်တွင် တစ်ယောက်ကို တစ်ယောက်ဖက်၍ ကြည့်နေရာ သီချင်းကလည်း အချစ်သီချင်းများ သီဆိုနေရာ ကျွန်မတို့ နှစ်ယောက်သားမှာ တေးသံအလိုက် နှစ်ယောက်သားဖက်ရင်း ကြည်နူးနေကြသည်။ ထိုစဉ် ကျွန်မ၏ ချစ်သူက ကျွန်မကို လှည့်ကြည့်ပြီး ပြုံး၍ ပြောလိုက်သည်။

'ကိုယ်တို့နှစ်ယောက် ဒီထက်နီးရင်'

ကျွန်မလည်း ပူထူသွားပြီး တိုးတိုးကလေး ပြန်မေးလိုက်သည်။

'ဘယ်ကိုသွားမှာလဲ ဟင်'

သူက တွေဝေသွားပြီး ပြန်ဖြေလိုက်သည်။

'ဟိုစတိတ်ခုံနဲ့ နီးတဲ့နေရာကိုလေ'

www.burmeseclassic.com

www.burmeseclassic.com



## ၃၉။ အတော်သတ္တိရှိတဲ့ အကောင်ပဲ

'ခင့်ကို မောင် လက်ထပ်ယူမယ်ဆိုတာ ခင့်အဖေ သိပြီပြီလား ဟင်'

'ခင်ကိုယ်တိုင် ပြောပြီးပါပြီ မောင်ရဲ့'

'ဒီတော့ ဘာပြောသလဲ ဟင်'

'ဖေဖေကလေ မောင့်ကို သိပ် သတ္တိရှိတာပဲတဲ့'

## ၄၀။ မွဲမသွားသေးရင်

'မင်းက ငါ့သမီးကို လက်ထပ်ချင်တယ်ဆိုတာ ဟုတ်ပါပြီ၊ သူ့တာဝန်ကို မင်း လွှဲဝ ယူနိုင်လို့လား'

'ဒီလို ရှိပါတယ် ခင်ဗျာ၊ လူတစ်ယောက်က မိန်းကလေး တစ်ယောက်ကို တစ်နှစ်လုံးလုံး ကျွေးမွေးလာတယ်၊ ပန်းတွေလဲ ဝယ်ပေးနိုင်တယ်၊ ပြီးတော့ တစ်ပတ်ကို နှစ်ခါလဲ ပွဲလမ်းသဘင်ခေါ်သွားနိုင်တယ် အဲဒါမှ အဲဒီလူဟာ မွဲမသွားရင် အဲဒီ မိန်းကလေးကို လက်ထပ်နိုင်တာပေါ့ ခင်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com





## ၄၁။ ဘယ်လောက်ပေးရမလဲ

လူတစ်ယောက်သည် သူ့ဖနိးသည်အား ဆရာဝန်ထံ ခေါ်လာပြီး ပြလေသည်။ ထိုအခါ ဆရာဝန်က ဖနိးသည်၏ ပါးစပ်ထဲသို့ ပြဒါးတိုင်ထည့်ပြီး နှစ်မိနစ်ခန့်ထားရန် ပြောလိုက်သည်။

ထိုနောက် ဆရာဝန်က စမ်းသပ်ကုသပြီး၍ ထိုလူလည်း ပြန်ခါနီးတွင် ဆရာဝန်ထံလာ၍ မေးလိုက်သည်။

'ဒေါက်တာ၊ ခုန ကျွန်တော့်မိန်းမ ပါးစပ်ထဲထည့်တဲ့ဟာ ဘယ်လောက်ပေးရမလဲ၊ ကျွန်တော့်ကို ရောင်းစမ်းပါ။ ကျွန်တော့်မိန်းမ အခုလို ပါးစပ်ပိတ်သွားတာ ဒါ ပထမဆုံး မြင်ရလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



## ၄၂။ ကောင်း၊ မကောင်း၊တော့ မသိဘူး

ယာဉ်ထိန်း‌ရဲ့ အရာရှိတစ်ယောက်သည် တန်ဖိုးကြီးမားလှသော ဇိမ်ခံ မော်တော်ကားတစ်စီးကို ရပ်တန့် ဖမ်းဆီးလိုက်သည်။ ထိုမော်တော်ကားမှာ ခေတ်မီ ကိရိယာများ တပ်ဆင်ထားပြီး မိုင်နှုန်းထိန်းသိမ်းပေးသည့် ရေဒါလည်း တပ်ဆင်ထားသည်။

ဤသို့ အဖမ်းခံရသဖြင့် စိတ်ဆိုး မာန်ဆိုးနှင့် ကားပိုင်ရှင်သည် ကားပေါ်မှ ဆင်းလိုက်ပြီး ရေဒါကိရိယာကို ဆွဲဖြုတ်၍ မြေကြီးပေါ်သို့ ပစ်ပေါက်ချလိုက်ပြီး ခြေထောက်နှင့်လည်း ဆောင့်နင်းကာ ဒေါပွပွနှင့် ပြောလိုက်သည်။

'ဒေါ်လာ ငါးရာ ပေးရပြီး အလကားပဲ၊ ဘာမှ အသုံးမဝင်ဘူး၊ တောက်'

'ခင်ဗျားရဲ့ ရေဒါက ကောင်းမကောင်းတော့ ကျွန်တော် မသိပါဘူး၊ အခု ဖမ်းရတာက ခင်ဗျားကားမှာ နံပါတ်ပြားတစ်ခုတည်း တပ်ထားလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com





## ၄၃။ ကျေနပ်ပါတယ်နော်

အလုပ်ရှင်ဖြစ်သူက သူ့အလုပ်သမားတစ်ဦးအား ပြောလိုက်သည်။

'ကဲ ဒီမှာ မင်းကို တရားဝင် လခတိုးပေးတဲ့ စာ၊ မင်း ကျေနပ်ပါတယ်နော်'

'ဟုတ်ကဲ့၊ သိပ်လဲ ကျေးဇူးတင်ပါတယ် ဆရာ'

'ဟောဒီမှာ လွှန်ခဲ့တဲ့ ခရစ်စမတ် ပါတီတုန်းက အသံဖမ်းထားတဲ့ တိတ်ခွေပါ ခင်ဗျာ'

## ၄၄။ ခဏနေပါဦး

တစ်ခါက ဆယ်ကျော်သက်ရွယ် လူငယ်ကလေးတစ်ယောက်သည် သူ့မိဘများကို မကျေမနပ်နှင့် ပြောပြလေသည်။

'ဒီလောက် ပျင်းရိငြီးငွေ့ဖို့ကောင်းတဲ့ ဒီမြို့မှာ ကျွန်တော် မနေနိုင်ဘူး၊ ဒီမှာ ပိုက်ဆံရှာလို့ မရဘူး၊ ပြီးတော့ ကောင်မလေး ချောချောလှလှတွေလဲ မရှိဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အတွက် ဒီမှာ ဘာမှ လုပ်စရာမရှိဘူး၊ ဒီတော့ ဒီမြို့မှာ ကျွန်တော် မနေတော့ဘူး သွားတော့မယ်'

ပြောဆိုပြီး အိမ်ပေါက ဆင်းသွားရာ လမ်းပေါ်အရောက်တွင် နောက်မှ ဖခင်ဖြစ်သူက လှမ်းခေါ်လိုက်လေသည်။ ထိုအခါ ထိုလူငယ်ကလေးက သူ့ဖခင်ကို ပြန်အော်ပြီး ပြောလိုက်သည်။

'ဖေဖေ၊ ကျွန်တော့်ကို မတားပါနဲ့တော့၊ ကျွန်တော် စိတ်ပိုင်းဖြတ်ပြီးပြီ'

ဖခင်ဖြစ်သူက ပြန်ပြောလိုက်သည်ကား

'ဟ ငါ့သား၊ မင်းကို ငါ တားမလို့ မဟုတ်ပါဘူး၊ ငါပါ မင်းနဲ့အတူ လိုက်မလို့ကွ' ဟူသတည်း။

## ၄၅။ ငွေများများ မသုံးချင်လို့

'ငါတော့ကွာ မိန်းမကို မွေးနေ့လက်ဆောင် ပစ္စည်း ဘာဝယ်ပေးရမလဲလို့ စဉ်းစားလိုက်ရတာ ခေါင်းနောက်ကိုခြောက်နေတာပဲ'

'မင်းကလဲ မင်းမိန်းမကို ဘာလိုချင်လဲ မေးလိုက်ရောပေါ့'

www.burmeseclassic.com

www.burmeseclassic.com





'ဟာကွာ၊ ဒါတော့ မမေးချင်ဘူး၊ အဲဒါဆိုရင် ငွေတွေအများကြီး သုံးရမှာပေါ့ကွ'

## ၄၆။ မှားသွားလို့

လူတစ်ယောက်သည် ရဲဌာနသို့ ဖုန်းနှင့်ဆက်၍ တိုင်ချက်ဖွင့်လေသည်။ သူ၏ မော်တော်ကားတွင် လက်ကိုင်ဘီး၊ ဘရိတ်ခြေနင်းများ၊ ကလပ်ခြေနင်းများ၊ ဂီယာတံများနှင့် မော်တော်ကား ရှေ့ပိုင်းတစ်ခုလုံး အခိုးခံရသဖြင့် တိုင်ကြားခြင်း ဖြစ်သည်။

ရဲအရာရှိကလည်း တိုင်ချက်ကို လက်ခံလိုက်ပြီး စုံစမ်းစစ်ဆေးပေးမည်ဟု ပြောလိုက်သည်။

ခဏကြာသောအခါ ထိုသူက ရဲဌာနသို့ပြန်၍ ဖုန်းဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'စိတ်မရှိပါနဲ့ ခင်ဗျာ၊ ကျွန်တော့်ကားထဲက ဘာမှ မပျောက်ပါဘူး၊ ကျွန်တော် ကားရှေ့ပေါက်နဲ့ နောက်ပေါက် မှားဝင်မိလို့ပါ'

## ၄၇၊ ကားမောင်းရင်

လူတစ်ယောက်သည် အရက်ဆိုင် တစ်ဆိုင်သို့ ဝင်၍ ဂျင်ဂျာအေးပဲ မှာသောက်လေသည်။ ထိုအခါ ဘား ကောင်တာမှ လူက မေးလိုက်သည်။

'ခင်ဗျား အရက်မသောက်တော့ဘူးလား'

'ကျွန်တော်လား ကားမောင်းရင် အရက်မသောက် ဘူးဗျ၊ အထူးသဖြင့် ကျွန်တော့်မိန်းမကား မောင်းရင်ပေါ့ လေ'

## ၄၈၊ အိမ်ကို ကောင်းကောင်း ပြန်ရောက်ရဲ့လား

ဘတ်စ်ကားလိုင်း တစ်လိုင်းတွင် ပုံမှန်စီးနေကျ ခရီးသည် တစ်ဦးအား စပယ်ယာဖြစ်သူက တရင်းတနှီး မေးလိုက်သည်။

'ဆရာ ညက အိမ်ကို ကောင်းကောင်းမှ ပြန်ရောက် ရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



'ရောက်ပါတယ်ကွ၊ ဘာဖြစ်လို့ ဒီလိုမေးရတာလဲ'

'ညက ဆရာအိမ်ပြန်တော့ ကားပေါ်မှ အမျိုးသမီး တစ်ယောက်ကို ဆရာက ထပြီး နေရာပေးတယ်လေ၊ အဲဒီတုန်းက ခရီးသည်ဆိုလို့ ကျွန်တော်တို့ ကားပေါ်မှာ ဆရာနဲ့ အဲဒီအမျိုးသမီးပဲ ပါတာဆရာရဲ့'

## ၄၉၊ ကြည့်နေတုန်း မပိတ်နဲ့

မေမေနှင့် ကျွန်မတို့နှစ်ယောက်သည် မြို့ထဲမှ တစ်ညတွင် ပြန်လာရာ အချိန်အတော် နောက်ကျသွားလေသည်။ အိမ်တွင် ဖေဖေ၊ ကျွန်မအစ်ကို စတီဗင်နှင့် ညီမလေးတို့ရှိရာ အားလုံး အိပ်မောကျလျက် ရှိသည်။ မေမေလည်း အိမ်သော့ မေ့ကျန်ခဲ့သဖြင့် တံခါးခေါက် နှိုးသော်လည်း တစ်ယောက်မှ မနိုးကြပေ။ အိမ်နောက်ဘက် တံခါးကို သွားခေါက်သော်လည်း အကြောင်းမထူးပေ။ ဖေဖေ့နာမည် အော်ခေါ်ပြီး နှိုးသော်လည်း ဘာမှ မထူးခြား။ သို့နှင့် မော်တော်ကား

www.burmeseclassic.com

www.burmeseclassic.com



ပွန်းတီးသော်လည်း အိမ်နီးနားချင်းများသာ နိုးလာပြီး သူတို့ကတော့ တစ်ယောက်မှ မနိုးကြပေ။

မေမေနှင့် ကျွန်မလည်း မြို့ထဲတစ်ခေါက်ပြန်သွားပြီး အိမ်ကို ဖုန်းဆက်တော့မှ အစ်ကိုဖြစ်သူ စတီဗင်နိုးလာ၍ အကျိုးအကြောင်း ပြောရလေသည်။ အိမ်သို့ပြန်ရောက်သော အခါ စတီဗင်က တံခါးဖွင့်ပြီး စောင့်နေလေသည်။ ဖေဖေကမူ အိပ်ရာထဲတွင် အိပ်မော်ကျပြီး ဟောက်ပင် ဟောက်နေလိုက်သေးသည်။ တီဗီမှာလည်း ဖွင့်လျက်သား ဖြစ်နေသဖြင့် မေမေက တီဗီကို သွားပိတ်လိုက်သည်။ ထိုအခါ ဖေဖေ နိုးလာပြီး ပြောလိုက်သည်မှာ

'ဟေ့ မပိတ်နဲ့ကွ၊ ငါကြည့်နေတယ်' ဟူသတည်း။

## ၅၀၊ ကျွန်တော် မအားလို့

လင်မယားနှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် တရင်းတနှီး နေထိုင်လာမှ ခေါင်းပါးလာသဖြင့် ဆရာဝန်ထံ လာပြလေသည်။

ဆရာဝန်ကလည်း ရက်ပေါင်းများစွာ စမ်းသပ် စစ်ဆေးပြီးနောက် တစ်နေ့တွင် ထိုအမျိုးသမီးကို ရုတ်တရက်

www.burmeseclassic.com

www.burmeseclassic.com





ပွေ့ဖက်လိုက်ပြီး နမ်းရှုံ့လိုက်ပြီး ယောကျ်ား ဖြစ်သူအား ပြောလိုက်သည်။

'အဲဒါ ခင်ဗျားအမျိုးသမီးကို ကုရမယ့် နည်းပဲ၊ ဒီတော့ တစ်ပတ်ကို တနင်္လာ၊ ကြာသပတေး စနေနေ့တွေမှာ အဲဒီလို လုပ်ပေးဖို့ လိုအပ်မယ်'

'ကောင်းပါပြီ ဆရာ၊ ကျွန်တော့်အနေနဲ့ ကြာသပတေး၊ စနေနေ့တွေမှာ ခေါ်လာနိုင်ပါတယ်၊ တနင်္လာနေ့ကတော့ ကျွန်တော် မအားဘူး၊ သူငယ်ချင်းတွေနဲ့ ပိုကာကစားတဲ့နေ့ဆိုတော့ သူ့ကို လိုက်မပို့နိုင်ဘူးပေါ့'

## ၅၁။ အပျော်ဆုံး ပါတီပွဲပဲ

မြို့တစ်မြို့တွင် ရုပ်ဖျက်ပြီး မျက်နှာဖုံးများစွပ်ပြီး ကရသော ပါတီပွဲ တစ်ပွဲသို့ မိန်းမဖြစ်သူက ခေါင်းကိုက်နေသဖြင့် မလိုက်နိုင်တော့ဘဲ ယောကျ်ားဖြစ်သူကို သူ့ဘာသာသူ သွားရန် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် မိန်းမဖြစ်သူမှာ ခေါင်းကိုက်သက်သာလာသဖြင့် ပါတီပွဲသို့ အဝတ်အစားလဲပြီး လိုက်သွားလေသည်။ ထိုဝတ်စုံကို ယောကျ်ားဖြစ်သူအနေနှင့် တစ်ခါမှ မတွေ့ဖူးပေ။ ပါတီပွဲ ရောက်သောအခါ သူ့ယောကျ်ားမှာ မိန်းမတစ်ယောက်ပြီး တစ်ယောက်နှင့် တွဲကလျက် အပျော်ကြီးပျော်နေသည်ကို တွေ့ရလေသည်။

သို့နှင့် သူ့ယောကျ်ားထံသွားပြီး အနားကပ်၍ တိုးတိုး ကလေးပြောလိုက်ရာ သူ့ယောကျ်ားက သူနှင့်ပင် အချိန်တော်တော်ကြာကြာ တွဲကနေတော့သည်။ ထို့နောက် သူ့ယောကျ်ားအားပန်းခြံထဲ ခေါ်လာရာ နှစ်ယောက်သား ကြည်နူးလျက်ရှိကြသည်။ ညသန်းခေါင်ရောက်လျှင် အားလုံး အဝတ်အစားများ မျက်နှာဖုံးများ ချွတ်ရသဖြင့် မိန်းမဖြစ်သူမှာ ထိုအချိန်မတိုင်ခင် အိမ်ပြန်လာခဲ့သည်။ သူ့ယောကျ်ားဖြစ်သူမှာ မနက် သုံးနာရီအထိ အိမ်မပြန်လာသေးပေ။ မိုးလင်းခါနီးမှ ယောကျ်ားဖြစ်သူပြန်လာရာ မိန်းမက မေးလိုက်သည်။

'ဘယ့်နှယ် ပါတီပွဲက တော်တော်ပျော်စရာကောင်းရဲ့လား'

'ပျင်းစရာကြီးပါကွာ'

'ရှင် မကခဲ့ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com





'တကယ်ပြောရမယ်ဆိုရင်ကွာ၊ ပါတီရောက်သွား တော့ ပီတာ၊ ဘီလ်၊ ဖရက်တို့နဲ့ သွားတွေ့တာနဲ့ မြေအောက်ခန်းထဲဝင်ပြီး တွဲဖဲကစားနေကြတာကွ'

'ဒါဆိုရင် ရှင်တစ်ညလုံး ဖဲပဲရိုက်နေတာပေါ့'

'ဟုတ်တယ်လေ၊ အကျီအဝတ်အစားနဲ့ မျက်နှာဖုံး တွေ ဂျက်ကို ပေးလိုက်တယ်၊ ဂျက်ကတော့ ပြောတယ်ကွ သူ့ဘဝမှာအပျော်ဆုံး ပါတီပွဲပဲတဲ့'

## ၅၂။ ရှာတွေ့မှာပါ

မိန်းမဖြစ်သူက သူ့ယောကျ်ားကို ပြောလိုက်သည်။

'မေမေက ကျွန်မတို့နဲ့ လာနေမယ်ဆိုတော့ ဒီထက် အိမ်ကြီးကြီး ခပ်ကျယ်ကျယ် လိုမယ်ထင်တယ်'

'မလိုပါဘူးကွာ၊ အနေးနဲ့အမြန်ဆိုသလို မင်းအမေ ရှာတွေ့ပါလိမ့်မယ် ကွာ'

www.burmeseclassic.com

www.burmeseclassic.com



## ၅၃။ မျှော်လင့်ချက် မရှိတော့လို့

'မင်းကွာ ဒီလောက်တောင် အခြေအနေ ကောင်းတဲ့ အလုပ်ကနေ ဘာဖြစ်လို့ ထွက်လာရသလဲ'

'ဟာကွာ၊ ရှေ့တက်လမ်းက မျှော်လင့်ချက်မရှိတော့ လို့ကွ၊ ပိုင်ရှင်ရဲ့ သမီးက လက်ထပ်သွားပြီ'

## ၅၄။ ကံမကောင်းလို့

လာဗီဂါမှာ လောင်းကစားဝိုင်းများ ရှိရာနေရာသို့ သွားမည့် ခရီးသည် တစ်ယောက်သည် ကျွန်တော်၏ လေယာဉ် လက်မှတ် အရောင်းဌာနသို့ ရောက်လာပြီး ပြောလိုက်သည်။

'ကျွန်တော်က ဗီဂါကို အစက သွားမလို့ပါဘဲ၊ ဒါပေမယ့် ကျွန်တော် အခုမသွားချင်တော့ဘူး၊ အဲဒါ စာရင်းထဲက ကျွန်တော့်နာမည်ကို ဖျက်ပေးပါ'

ထိုအခါ ကျွန်တော်က ပြန်မေးလိုက်သည်။

'ဘာမကျေနပ်လို့လဲ ခင်ဗျာ၊ ကျွန်တော်တို့'

'မဟုတ်ပါဘူး၊ ခုနက ကျွန်တော် ပိုက်ဆံပေးပြီး ဖုန်းဆက်ရတဲ့ ဖုန်းထဲ ပိုက်ဆံထည့်ပြီး ဆက်လိုက်တာ ဖုန်းလဲ ဆက်မရ၊ ပိုက်ဆံလဲ ဆုံးသွားပါတယ်၊ အဲဒီတော့ ကံသိပ်မကောင်းတော့ လာဗီဂါကို ကျွန်တော်သွားဖို့ မသင့်ဘူး ထင်လို့ပါ'

www.burmeseclassic.com

www.burmeseclassic.com





## ၅၅။ ပေးနေရတုန်းပဲ

ကျွန်မ၏ မိတ်ဆွေတစ်ယောက်သည် သူ့သားသမီးများထံ သွားရောက်လည်ပတ်ရန်အတွက် ဘဏ်တွင် ငွေသွားထုတ်လေသည်။ ငွေထုတ်ရန် ကောင်တာတွင် စောင့်နေစဉ် အနီးရှိ လူရွယ်တစ်ယောက်နှင့် စကားလက်ဆုံကျသွားသည်။ ထိုအခါ သူငယ်ချင်းက ညည်းညည်းညူညူနှင့် ပြောလိုက်သည်။

'ကျွန်မကလေးတွေက အသက်လဲ နှစ်ဆယ်လောက်ရှိနေကြပြီ၊ ဒါတောင်မှ ကျွန်မက ငွေပို့ပေးနေတုန်းပဲ၊ ဘယ်တော့များမှ ပြီးမလဲ မသိပါဘူးရှင်'

ထိုအခါ ထိုလူရွယ်ကလည်း သူ့လက်ထဲမှ စာရွက်ကို ကြည့်လိုက်ရင်း ပြန်ပြောလိုက်သည်။

'ကျွန်တော်လဲ မသိဘူးခင်ဗျ ဒီကိစ္စမျိုးကို ကျွန်တော်တို့ မေးလဲ အပိုပါပဲ။ ကျွန်တော်တောင်မှ အမေက ပို့လိုက်တဲ့ ငွေကို အခု လာထုတ်တာလေ'

www.burmeseclassic.com

www.burmeseclassic.com



## ၅၆။ ပြန်လာခဲ့ပါ

ချစ်တဲ့ မေရီ

ကိုယ်တို့နှစ်ယောက်ရဲ့ စေ့စပ်ထားတာကို ဖျက်သိမ်းလိုက်တာကို ကိုယ် ယူကြုံးမရ ဖြစ်နေပါတယ်၊ အခုတော့ ကိုယ်သိပါပြီ၊ မင်းမရှိရင် ကိုယ်မဖြစ်ပါဘူး၊ ဒါကြောင့် ကိုယ့်ဆီကို ပြန်လာခဲ့ပါ အချစ်ရယ်၊ အချစ်မရှိတဲ့ ကိုယ့်ဘဝဟာ ဘာအဓိပ္ပာယ်မှ မရှိဘူးဆိုတာ ကိုယ်နားလည်ပါပြီ။ အခုလို မင်းနဲ့ကွဲကွာနေတာကို ဘာနဲ့မှ အစားထိုးလို့ မရပါဘူး အချစ်ရယ်'

မင်းရဲ့အချစ်ဆုံး

တက်

မှတ်ချက်။ ။ဘာပဲ ဖြစ်ဖြစ်ပေါ့လေ၊ မင်း ဘောလုံးပွဲလောင်းလို့ နိုင်တာကိုတော့ ကိုယ်ဝမ်းသာနေပါတယ်။

## ၅၇။ လက်မှ မခံတာ

စမစ်ဆိုသူသည် ဆရာဝန်တစ်ယောက်ထံ လာပြလေသည်။ ထိုအခါ ဆရာဝန်က စမ်းသပ်ပြီး မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ဆေးလိပ်ရော အရက်ပါ သိပ်သောက်တယ် ထင်တယ်'

'ဟုတ်ပါတယ်'

'ဒါဆိုရင် ခင်ဗျား ဆေးလိပ်ရော အရက်ပါ ဖြတ်ရလိမ့်မယ်'

စမစ်လည်း ထိုသို့ ဆရာဝန်က ပြောပြီးသောအခါ ဦးထုပ်ကို ကောက်ယူ၍ အခန်းအပြင်ထွက်ရန် ပြင်လိုက်သည်။ ဆရာဝန်က နောက်ကနေလှမ်းခေါ်ပြီး ပြောလိုက်သည်။

'နေဦးလေ၊ ကျုပ်ကို စမ်းသပ်စစ်ဆေးခပေးခဲ့ဦးမှပေါ့'

'ဘာဖြစ်လို့ပေးရမှာလဲ၊ ခင်ဗျား အကြံဉာဏ်ကိုမှ ကျွန်တော် လက်မခံတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



## ၅၈။ မင်းပိုက်ဆံ မဟုတ်လို့

လင်မယား နှစ်ယောက်သည် ငွေရေးကြေးရေး ကိစ္စနှင့် ပတ်သက်ပြီး စကားများလျက် ရှိကြသည်။ နောက်ဆုံးတွင် မိန်းမဖြစ်သူမှာ ဒေါသတကြီးနှင့် ပြောလိုက်သည်။

'ဒီပိုက်ဆံတွေက ကျွန်မပိုက်ဆံ မဟုတ်ဘူးဆိုရင် လား ဒီတီဗီလဲ ရှိမှာ မဟုတ်ဘူး၊ ရှင်ထိုင်နေတဲ့ ကုလားထိုင် လဲ ရှိမှာ မဟုတ်ဘူး၊ ဒီအိမ်လဲ ရှိမှာ မဟုတ်ဘူး၊ ရှင် သိရဲ့လား'

'မင်း ဘာတွေပြောနေတာလဲ၊ မင်းပိုက်ဆံ မဟုတ်လို့ ငါ ဒီမှာ ရှိနေတာပေါ့'

## ၅၉။ မင်းကို ရှာရမှာစိုးလို့

ကျွန်မနှင့် ခင်ပွန်းသည်သည် ဘောလုံးပွဲအပြီး၌ လူအုပ်ကြီး ကြားမှ တိုးဝှေ့ ထွက်လာကြသည်။ လူတော သူတောထဲတွင် ကျွန်မအား တယုတယမလုပ်ဖူးသော ခင်ပွန်းသည်သည် ကျွန်မ၏ လက်ကို ဆွဲကိုင်ထားလေသည်။ ကျွန်မအမှာနှင့် ကျေနပ်နေပြီး

www.burmeseclassic.com

www.burmeseclassic.com





ဤသို့ တစ်ယောက်နှင့် တစ်ယောက် ဆွဲပြီး ကစားကွင်းထဲက ထွက်လာကြရင်း ကျွန်မက ခင်ပွန်းသည်ကို ကြည့်ပြီး မေးလိုက်သည်။

'ကျွန်မ ပျောက်သွားမှာ သိပ်စိုးလို့လားဟင်'

'မဟုတ်ပါဘူးကွာ၊ မင်းကို လိုက်ရှာနေရမှာစိုးလို့ပါ'

## ၆၀။ မျက်စိကို ဆေးကုနေတာ

ကျွန်တော်သည် ဆရာဝန်တစ်ဦးထံ သွားရောက်ပြီး ပြသလျက်ရှိရာ တစ်နေ့တွင် ကျွန်တော့်အလှည့် မရောက်သေးသဖြင့် ဆေးခန်းတွင် ထိုင်စောင့်နေလေသည်။ ထိုစဉ် အဘိုးအို လင်မယားနှစ်ယောက် ဝင်လာပြီး ကျွန်တော့်နံဘေးတွင် ဝင်ထိုင်ကာ ကျွန်တော့်လိုပင် သူတို့ပြရမည့် အလှည့်ကို စောင့်နေကြလေသည်။

ကျွန်တော်နှင့် အဘိုးအိုသည် ပြတင်းပေါက်မှ တစ်ဆင့် လမ်းပေါ်တွင်သွားလာနေကြသော ဂါဝန်တိုတိုနှင့်

www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီခပ်ပါးပါး ဝတ်ထားကြသော မိန်းကလေးများကို လိုက်ကြည့်နေကြသည်။ အဘိုးအိုလည်း ဤကဲ့သို့ မိန်းကလေးများကို လိုက်ကြည့်နေသည်။ အဘွားအိုက တွေ့သွားသဖြင့် ရှက်ကိုးရှက်ကန်းနှင့် ပြောလိုက်သည်မှာ

'ငါက ငါ့မျက်လုံးတွေကို ဆေးကုနေတာပါကွာ' ဟူသတည်း။

၆၁။ ဆေးပညာအရဆိုရင်

လူတစ်ယောက်သည် ဆရာဝန်ထံသွား၍ သူ၏ အိမ်အလုပ်များကို လုပ်ချင်ကိုင်ချင်စိတ် ပေါက်လာအောင် ကုသပေးပါရန် ပြောဆိုနေသည်။

ဆရာဝန်ကလည်း စမ်းသပ်စစ်ဆေးပြီးသောအခါ ထိုလူက မေးကြည့်သည်။

'ကဲ ဆရာ၊ ကျွန်တော် ဘာဖြစ်နေတယ်ဆိုတာ ရှင်းရှင်းပဲ အရပ်စကားနဲ့ ပြောပြပါ ခင်ဗျာ'

'ပြောရမယ်ဆိုရင်တော့ဗျာ ခင်ဗျားရောဂါက ပျင်းတဲ့ရောဂါပဲဗျ'

'ဟုတ်လား ဆရာ၊ ဒါဆိုရင် ဆေးပညာအရဆိုရင် ဘယ်လိုခေါ်သလဲ၊ ပြောပြပါဦး၊ ဒါမှ ကျွန်တော့်မိန်းမကို ပြန်ပြောလို့ရမှာ ခင်ဗျ'

www.burmeseclassic.com

www.burmeseclassic.com





## ၆၂။ ဆိုင်ဘယ်တော့ ဖွင့်မလဲ

အရက်ဆိုင်ပိုင်ရှင် တစ်ယောက်သည် ည နှစ်နာရီတွင် ဆိုင်ကိုသိမ်းပြီး အိမ်ပြန်၍ အိပ်လေသည်။ အိပ်ရာထဲ ရောက်၍ ခေါင်းချ အိပ်ပျော်မည်အပြုတွင် တယ်လီဖုန်း မြည်လာလေသည်။ ကောက်နားထောင်လိုက်ရာ အရက်မူး သံ အာလေး လျှာလေးနှင့် တစ်ဖက်က မေးလိုက်သည်။

'မနက်ကျရင် ဆိုင်ဘယ်နှစ်နာရီ ဖွင့်သလဲ'

ဆိုင်ရှင်ဖြစ်သူမှာလည်း အလွန် ဒေါပွသွားသည်။ တယ်လီဖုန်းကို ဆောင့်ချလိုက်ပြီး အိပ်ရာထဲဝင်လာခဲ့သည်။

မိနစ်အနည်းငယ် ကြာသောအခါ တယ်လီဖုန်း မြည်လာပြန်ပြီး စောစောက လူကပင် စောစောကအတိုင်း မေးပြန်သည်။

ထို့ကြောင့် ဒေါသထွက်ထွက်နှင့် ပြန်ပြောလိုက် သည်။

'ဟေ့ကောင် ဒီမှာ နားထောင့်စမ်း၊ ဆိုင်ဘယ်တော့ ဖွင့်တယ်ဆိုတာ မင်း မေးစရာလဲ မလိုဘူး၊ မင်းလို ကောင်မျိုးကိုလဲ ငါ ဆိုင်ထဲ အဝင်တောင်မခံဘူး သိရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တစ်ဖက်လူက ဖြတ်၍ ပြောလိုက်သည်။

'ကျွန်တော်က ဆိုင်ထဲဝင်မလို့ မဟုတ်ပါဘူး၊ ဆိုင်ထဲက ထွက်ချင်လို့ပါဗျာ'

## ၆၃။ တစ်ယောက်ယောက်

'ငါ့ အိမ်ပြန်ရောက်သွားတာနဲ့ တစ်ယောက်ယောက် ဖြစ်သွားတယ်ကွ'

'ဟုတ်လား၊ ဘယ်လိုဖြစ်တာလဲ'

'ဒီလိုကွ ညရောက်တာနဲ့ ငါ့မိန်းမက မီးဖိုချောင်ကနေ လှမ်းပြောလိုက်တယ်၊ တစ်ယောက်ယောက် လာစမ်း၊ ဒီအမှိုက်တွေ လာပစ်စမ်းတဲ့'

## ၆၄။ လက်ထပ်တာ ကြာပြီလေကွာ

ပန်းခြံတစ်ခုတွင် အသက်အရွယ် ကြီးမြင့်လှပြီဖြစ်သော အဘိုးအို တစ်ယောက်သည် ခုံတန်းပေါ်တွင်ထိုင်ကာ ဆေးတံသောက်လိုက်၊ ပန်းခြံထဲမှ လူအချို့က သူ့အား နှုတ်ဆက်သည်ကို ပြုံးပြလိုက်၊ ခေါင်းညိတ်ပြလိုက်နှင့် အေးအေးဆေးဆေးပင် ထိုင်နေလျက် စကားတစ်လုံးမှတော့ မပြော

www.burmeseclassic.com

www.burmeseclassic.com





ပေ။ အဘိုးအိုသည် နေ့စဉ် သုံးနာရီလောက် ရောက်လာလေ့ရှိပြီး နာရီကို တကြည့်ကြည့်လုပ်၍ ညနေ လေးနာရီလောက်တွင် ထထွက်သွားလေ့ရှိသည်။

ဤသို့ဖြင့် လပေါင်းများစွာ ထိုအဘိုးအိုအား တွေ့နေရသဖြင့် ကျွန်တော်တို့မှာ သူ့အားအထူးအဆန်းသဖွယ် ဖြစ်နေ၍ နောက်ဆုံးတွင် မနေနိုင်တော့ဘဲ အဘိုးအိုအား ဘာကြောင့် ဤသို့လာထိုင်နေရသလဲဟု မေးကြည့်လိုက်ပါသည်။

ထိုအခါ အဘိုးအိုက ပြုံးပြီး ပြောလိုက်ပါသည်။

'ဒီလိုပါကွာ၊ ငါက လက်ထပ်တာဆိုရင် ငါးဆယ့်နှစ်နှစ် ခြောက်လ သုံးပတ်နဲ့ လေးရက်ရှိပြီကွာ၊ ဒီလိုလူမျိုးအတွက် တစ်နေ့ကို တစ်နာရီလောက်တော့ သူ့ဘာသာသူ တစ်ယောက်တည်း အေးအေးဆေးဆေး နားနားနေနေ နေသင့်တာပေါ့ကွာ'

ထိုသို့ပြောပြီး နာရီကြည့်ကာ ကျွန်တော့်ကို ခေါင်းညိတ်နှုတ်ဆက်ပြီး ထထွက်သွားပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ၆၅။ တစ်ရက်စောသွားလို့

ညဘက်က စတိုးဆိုင်ကို ဝင်ရောက်ဖောက်ထွင်း အခိုးခံရသဖြင့် မနက်ပိုင်းတွင် ရဲအရာရှိက စတိုးဆိုင်ပိုင်ရှင်အား လာရောက်မေးမြန်း စုံစမ်းလေသည်။

ထိုအခါ စတိုးဆိုင်ပိုင်ရှင်က ပြောလိုက်သည်။

'အေးဗျာ၊ မနေ့က မခိုးတာပဲ ကျေးဇူးတင်ရမယ်ဗျို့'

'ဘာဖြစ်လို့လဲ ဟင်'

'ဒီလိုပါဗျာ၊ အခိုးခံရတဲ့ မနက်ကပဲ ကျွန်တော့်ဆိုင်က ပစ္စည်းတွေကို ၄၀ ရာနှုန်းလောက် ဈေးချလိုက်လို့ပါ'

## ၆၆။ မိန်းမရနေလို့

တက္ကသိုလ်ကျောင်းတုန်းက သူငယ်ချင်း နှစ်ယောက်သည် နှစ်ပေါင်းများစွာ ကွဲနေရာမှ ပြန်တွေ့ကြသည်။ တစ်ယောက်က မေးလိုက်သည်။

'မင်း အိမ်ထောင်ကျနေပြီ မဟုတ်လား'

'ဘယ်လိုလုပ်ပြီး သိသလဲကွ'

'မင်း အရင်တုန်းက အဝတ်အစား ဝတ်တာ ဘယ်တော့မှ မီးပူတိုက်ပြီး ဝတ်တာ မဟုတ်ဘူး၊ အခုတော့ မင်းရဲ့ အဝတ်အစားတွေ မီးပူတိုက်ပြီးမှ ဝတ်ထားလို့'

www.burmeseclassic.com

www.burmeseclassic.com



'အေးလေကွာ၊ ငါ့မိန်းမက ငါ့ကို မီးပူတိုက်ခိုင်းလို့ ငါကိုယ်တိုင် မီးပူတိုက်ဝတ်တာကွ'

ဖြေး ထွက်သွားတော့

ကုန်ပစ္စည်းထုတ်လုပ်သူ ပိုင်ရှင်သည် တစ်နေ့တွင် သူ၏ ကုန်ပစ္စည်းများ ရောင်းချနေသည့် ဆိုင်တစ်ဆိုင်သို့ အမှတ်မထင် ရောက်ရှိလာသည်။ ထိုနောက် ကုန်ပစ္စည်းများထားရှိရာ စတိုခန်းထဲသို့ ဝင်ရောက်ကြည့်ရှုရာ လူငယ်ကလေး တစ်ယောက်သည် ကုန်ပစ္စည်းများထည့်ထားသည့် သေတ္တာတစ်လုံးကို မှီလျက် ရပ်နေသည်ကို တွေ့ရသဖြင့် စိတ်ဆိုး မာန်ဆိုးနှင့် မေးလိုက်သည်။

'မင်း တစ်ပတ်ကို လုပ်ခ ဘယ်လောက်ရသလဲ'

'တစ်ရာပါ ခင်ဗျာ'

ထိုအခါ ပိုင်ရှင်ဖြစ်သူက အိတ်ထဲမှ ဒေါ်လာတစ်ရာကို ထုတ်၍ ပေးလိုက်ပြီး ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဈေး မင်းလုပ်ခ၊ အခု ထွက်သွားတော့ ၊ ဘယ်တော့မှ လဲ ပြန်မလာနဲ့ကွ'

လူငယ်ကလေးကလည်း ဘာမှ ပြန်ပြောမနေတော့ဘဲ ဒေါ်လာ တစ်ရာကိုယူ၍ ထွက်သွားလေသည်။ အနီးတွင် ရှိနေသော ဆိုင်မန်နေဂျာမှာလည်း တအံ့တသြ ဖြစ်သွားသည်။ ပိုင်ရှင်ကလည်း မန်နေဂျာကို မေးလိုက်သည်။

'သူ့ကို အလုပ်ခန့်ထားတာ ဘယ်လောက်ကြာပြီလဲ'

မန်နေဂျာက ပြန်ပြောလိုက်သည်မှာ

'သူက ကျွန်တော်တို့ဆီက အလုပ်သမား မဟုတ်ပါဘူး၊ ကုန်ပစ္စည်း လာပို့တဲ့လူပါ ခင်ဗျာ' ဟူသတည်း။

## ၆၈။ အံ့စရာပဲနော်

အိုင်းရစ်လူမျိုး ရှောင် ဆိုသူသည် ပရိဘောဂ လုပ်ငန်းဖြင့် စီးပွားဖြစ်လျက် ရှိသည်။ သို့နှင့် တစ်နေ့တွင် ပြင်သစ်နိုင်ငံသို့ သွားရောက်လည်ပတ်လေသည်။ ထို့နောက် ပြင်သစ်နိုင်ငံမှ ပြန်ရောက်လာသူ သူငယ်ချင်းဖြစ်သူ ဘရင်ဒန်က သူ့အား မေးမြန်းလေသည်။

'နေပါဦးကွ၊ မင်းက ပြင်သစ်လိုလဲ တစ်လုံးမှ မတတ်ဘဲနဲ့ ဘာဖြစ်လို့ ပြင်သစ်ကို သွားလည်ရတာလဲ ဟိုမှာ မင်း ဘယ်လို ပြောဆိုခဲ့သလဲ'

www.burmeseclassic.com

www.burmeseclassic.com



'လွယ်ပါတယ်ကွာ၊ ပန်းခြံထဲမှာ ကောင်မလေးတစ်ယောက်နဲ့ တွေ့တော့ ငါက အစားအသောက်ပုံတွေ ရေးပြလိုက်တယ်၊ အဲဒီတော့ သူက စားသောက်ဆိုင်ငါ့ကို ခေါ်သွားတော့ တို့နှစ်ယောက် စားသောက်ကြတာပေါ့၊ နောက်တော့ ငါက ကတဲ့ပုံတွေ ဆွဲပြတော့လဲ သူက ကပွဲခေါ်သွားတော့ တို့နှစ်ယောက် ကကြတာပေါ့၊ ဒီလိုနဲ့ ညဉ့်နက်လာတော့ ဘာလုပ်တယ်ထင်သလဲ၊ ကောင်မလေးက ငါ့ဆီက ဖောင်တိန်တောင်းပြီး ခုတင်ပုံ ဆွဲပြတယ်လေ'

'တကယ့်ကို အံ့ဩစရာပဲ၊ သူက ဘယ်လိုလုပ်ပြီး မင်း ပရိဘောဂတွေ လုပ်တယ်ဆိုတာ သိတာလဲ မသိဘူးနော်'

## ၆၉၊ လမ်းမှာ ပျောက်တယ်ထင်လို့

ကျွန်မ ခင်ပွန်းသည် သမီးဖြစ်သူကို မနက်တိုင်း ကျောင်းလိုက်ပို့နေကျ ဖြစ်သည်။ တစ်နေ့တွင် သမီးဖြစ်သူသည် ကားပေါ်ရောက်ပြီးမှ ပစ္စည်းတစ်ခု မေ့ကျန်ခဲ့သဖြင့် ကားပေါ်

www.burmeseclassic.com

www.burmeseclassic.com



မှ ပြန်ဆင်းကာ အိမ်ထဲဝင်သွားလေသည်။ ဤသို့ သမီးဖြစ်သူ ကားပေါ်မှ ဆင်းသွားသည်ကို ခင်ပွန်းသည်က သတိမထားမိဘဲ ကားကို မောင်းထွက်သွားလေသည်။

မကြာခင် ခင်ပွန်းသည်က အိမ်သို့ကားပြန်မောင်းလာပြီး အိမ်ရှေ့တွင်ရပ်နေသော သမီးဖြစ်သူကို တွေ့သဖြင့် ကားပေါ်မှ လှမ်းအော်၍ ပြောလိုက်သည်။

'ဖေဖေက သမီးတော့ လမ်းပျောက်ကျန်ခဲ့တယ် ထင်တာကွ'

## ၇၀။ မသက်သာစရာပဲ တွေ့နေရတယ်

ကွမ်ဘီဆိုသော ထင်ရှားကျော်ကြားသည့် ရှေ့နေတစ်ယောက်သည် ထောင်ကျမည့် အနေအထားမှ သူရှေ့နေလိုက်ပေးမှုကြောင့် လွတ်မြောက်သွားသော လွန်စွာမှ ချောမောလှပသည့် အမျိုးသမီးတစ်ယောက်ကို လက်ထပ်ယူလိုက်လေသည်။ ထိုသို့ လက်ထပ်ပြီး တစ်နှစ်ခန့်အကြာတွင် သူ့မိန်းမအပေါ် သက်သာမကင်း ဖြစ်လာသည်။ သူ့နောက်ကွယ်တွင် ဖောက်ပြန်နေသည်ဟု ထင်လာသည်။ သို့နှင့် တစ်နေ့တွင် အမှုကိစ္စတစ်ခုအတွက် ခရီးထွက်ရန်ရှိလာရာ သူ့မိတ်ဆွေ ရှေ့နေတစ်ယောက်ကို ခေါ်၍ သူ့မိန်းမအကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com





ပြောပြပြီး သူမရှိခိုက် စောင့်ကြည့်ထားရန် မှာထားခဲ့လေသည်။

ခရီးထွက်ရာမှ ပြန်ရောက်လာသောအခါ သူငယ်ချင်း ရွှေနေဖြစ်သူကို သွားတွေ့ပြီး သူမရှိခိုက် သူ့မိန်းမ အကြောင်းကို မေးမြန်းလေသည်။

သူ့မိတ်ဆွေ ရွှေနေကလည်း သူသိသမျှကို ပြောပြသည်။

'မင်းထွက်သွားတဲ့ ညကပဲပေါ့ကွာ၊ သားသားနားနား ရုပ်ဖြောင့်ဖြောင့် ငနဲတစ်ကောင်က မင်း မိန်းမဆီ ရောက်လာပြီး သူတို့ အတူတူ ညကလပ်တစ်ခုကို သွားကြတယ်ကွ၊ ဒါနဲ့ ငါလဲ နောက်က လိုက်သွားတော့ ညကလပ်မှာ သူတို့နှစ်ယောက် တွဲကနေတာကို တွေ့ရတာ ပါပဲကွာ၊ မနက် သုံးနာရီလောက်ကျတော့ အငှားကား တစ်စီးရဲ့ နောက်ဘက်မှာ နှစ်ယောက်သား ဖက်ပြီး ထွက်သွားကြတယ်၊ ငါလဲ မင်းအိမ်ကို နောက်ကနေ လိုက်သွားတာပေါ့၊ မင်း အိမ်ကျတော့ သူတို့နှစ်ယောက်သား နမ်းရှုပ်နေတာကို ပြတင်းပေါက်ကနေ အတိုင်းသား မြင်နေရ တယ်ကွ၊ ပြီးတော့ကွာ အခန်းထဲကို နှစ်ယောက်သား

www.burmeseclassic.com



ဝင်သွားကြတယ်၊ နောက်တော့ မီးပိတ်လိုက်တာနဲ့ ငါလဲ အသာ မမြင်ရတော့ ပါဘူးကွာ'

'တောက်၊ နာတာပဲကွာ၊ အမြဲတမ်း မသင်္ကာ ဖြစ်စရာပဲ တွေ့တွေ့နေရတယ်၊ ဘယ်တော့မှ လက်ဆုပ် လက်ကိုင်ကို မမိဘူးကွာ'ဟု ကွမ်ဘီက ရေရွတ်လိုက် လေသည်။

*

## ၅၁။ နိုင်ငံရေးတွေ ပြောနေရရင်

သူငယ်ချင်း လေးယောက်တို့သည် နေ့လယ်စာကို ဆိုင် တစ်ဆိုင်တွင် သွားရောက်စားသောက်ကြလေသည်။ အချိန် တော်တော်ကြာသည်အထိ တစ်ယောက်နှင့်တစ်ယောက် စကားတစ်လုံးမှပင် မပြောကြပေ။ သို့သော် တစ်ယောက်က စ၍ ညည်းညည်းညူညူနှင့် ဆိုလိုက်သည်။

'ဩော် ဒီလူနဲ့ကွာ'

ထိုအခါ ဒုတိယ တစ်ယောက်ကလည်း ပြောပြန် သည်။

'စိတ်ညစ်စရာပါကွာ'

တတိယတစ်ယောက်ကလည်း ဆိုပြန်သည်။

'မင်းတို့ဘာလုပ်ကြမလဲ'

ထိုနောက် စတုတ္ထလူက ဝင်ပြောလိုက်သည်မှာ

www.burmeseclassic.com

www.burmeseclassic.com





'ဒီမှာ နားထောင်စမ်း၊ မင်းတို့ နိုင်ငံရေးအကြောင်းတွေ ပြောဆိုနေတာ မရပ်ရင်တော့ ငါ ဒီကနေ ထွက်သွားတော့မယ်' ဟူသတည်း။

## ၇၂။ ဂုဏ်ပြုနေကြလို့

စိတ်ရောဂါကု ဆရာဝန်ထံသို့ လူတစ်ယောက်သည် လာရောက် ပြသရာ ထိုသူအား စစ်ဆေးပြီး ဆရာဝန်က မေးလိုက်သည်။

'ည ည ဘာဖြစ်လို့ မအိပ်တာလဲ'

'ဒီကမ္ဘာပေါ်မှာဖြစ်နေတဲ့ ပြဿနာတွေကို ဖြေရှင်းဖို့ ကြိုးစားနေလို့ပါ'

'ဒီတော့ ခင်ဗျား ဖြေရှင်းနိုင်လား'

'အမြဲတမ်းလိုလို ပြေလည်သွားအောင် လုပ်နိုင်ပါတယ်'

'ဒါဆိုရင် ဘာဖြစ်လို့ မအိပ်နိုင်ရတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ကို ဂုဏ်ပြုပွဲကျင်းပနေတာနဲ့ မအိပ်နိုင်တာပါဗျာ'

## ၇၃၊ လွှမ်းမောဖွယ်မြင်းပွဲ

လူတစ်ယောက်က သူ့မိတ်ဆွေတစ်ယောက်အား မြင်းပွဲနှင့်ပတ်သက်၍ အောက်ပါအတိုင်း ပြောပြလေသည်။

'တကယ်တော့ မြင်းပွဲဆိုတာ လွှမ်းဆွတ်စရာ အကောင်းဆုံးပဲကွ၊ မြင်းတွေကဆိုရင် ပြေးလမ်းတစ်လျှောက် တစိုက်စိုက်နဲ့ ပြေးရတယ်ကွာ၊ ဂျော်ကီကဆိုရင် မြင်းရဲ့ လည်ပင်းကို ဖက်ထားရတယ်လေ၊ ပြီးတော့ မင်းကလဲ မင်းရဲ့ လောင်းတဲ့ငွေလဲ အပြီးပိုင် နှုတ်ဆက်လိုက်ရတယ် မဟုတ်လား'

## ၇၄၊ မဖြစ်နိုင်တာ

မိန်းမဖြစ်သူသည် ညတစ်ညတွင် အိပ်ရာမှ လန့်နိုးလာပြီး တုန်တုန်လှုပ်လှုပ်နှင့် ယောကျ်ားဖြစ်သူကို နှိုး၍ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ထစမ်းပါဦး၊ အိပ်မက်က မကောင်းလိုက်တာ၊ ကျွန်မလေ ငယ်ငယ်ရွယ်ရွယ်နဲ့ သေတယ်လို့ အိပ်မက်မက်လို့'

'ဟာကွာ၊ မဖြစ်နိုင်တာ၊ မင်း အခုအသက်အရွယ်အထိတောင် ဘာမှ မဖြစ်သေးတာ ငယ်ငယ်ရွယ်ရွယ်နဲ့ သေတယ်ဆိုတာ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်တော့မှာလဲ'

## ၇၅။ မိုးရွာတော့မယ်

နိုင်ငံရေးသမား နှစ်ယောက်သည် ကားပေါ်မှ ဆင်းပြီး တံခါးပိတ်လိုက်ရာ ကားသော့မှာ အတွင်း၌ ကျန်ခဲ့လေသည်။ ထိုနေ့က အစည်းအဝေးတွင်တင်ပြစရာ ကိစ္စတစ်ခုရှိရာ ထိုအတွက် စာရွက်စာတမ်းများမှာလည်း ကားအတွင်း၌ ကျန်ရစ်ခဲ့သဖြင့် အခက်တွေ့နေလေသည်။ ထိုအခါ တစ်ယောက်က ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အက်ိဳချိတ်နဲ့ အတွင်းက တံခါးကို ဖွင့်ရင် ကောင်းမယ် ထင်တယ်'

'ဘယ်ဖြစ်မလဲကွ၊ တခြားသူတွေ တွေ့သွားရင် ငါတို့ကို သူခိုးတွေလို့ ထင်သွားလိမ့်မယ်'

'ဒါဆိုရင် ဒီလိုလုပ်ပါကွာ၊ ငါ့မောင်းချဓားပါတယ်၊ ကားတံခါး လိုင်နာတွေကို ဓားနဲ့ခွာလိုက်ပြီး တံခါးဖွင့်ရင်ကော'

'ဒါလဲမဖြစ်ပါဘူးကွာ၊ လူတွေက ဒီလူတွေ 'အက်ိဳချိတ်နဲ့ တံခါးဖွင့်ရင် ရရဲ့သားနဲ့ မိုက်လိုက်တာလို့ ပြောလိမ့်မယ်'

'ကဲ တစ်ခုခုတော့ အမြန်လုပ်ရလိမ့်မယ် ကိုယ့်လူ၊ ကားအမိုးပေါ်က အပေါက်ကလဲ ပွင့်နေတယ်။ မိုးကလဲ ရွာတော့မယ်ကွ'

## ရဖြေ၊ ငါ့သားမှန်၊

အသက် ၁၆ နှစ် ပြည့်ပြီဖြစ်သော အက်ဝိုင်းဆိုသူ လူငယ်ကလေးတစ်ယောက်သည် ကဇာတ်အဖွဲ့တစ်ခုသို့ ဝင်ရောက်ရန် အိမ်မှ သွားတော့မည်ဟု ပြောဆိုလိုက်သည်။ ထိုအခါ ဖခင်ဖြစ်သူက ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com





'ဘာပြောတယ်၊ ငါ့သားက ဓာတ်ခဲ့ပေါ်မှာ တက်ကတော့မလို့ ဟုတ်လား၊ ဘယ်ဖြစ်မလဲကွ၊ အိမ်နီးနားချင်းတွေက ငါတို့ ဘာပြောကြမလဲ၊ မဖြစ်ပါဘူးကွာ'

'ဒါဆိုရင် လွယ်ပါတယ်၊ ကျွန်တော့်နာမည် ပြောင်းလိုက်မှာပေါ့'

'ဖခင်ဖြစ်သူက သားအား စိတ်ဆိုးမာန်ဆိုးနှင့် ပြန်အော်လိုက်သည်။

'မင်းက နာမည်ပြောင်းမယ် ဟုတ်လား၊ တကယ်လို့ မင်း နာမည်ကြီးလာပြီဆိုရင် အိမ်နီးနားချင်းတွေက မင်းကို ငါ့သားမှန်း ဘယ်လိုလုပ်ပြီးသိတော့မှာလဲ'

## ၇၇။ မေမေ ရောက်နေတယ်

ကျွန်မသည် တစ်နေ့ညနေတွင် ခင်ပွန်းသည်၏ မော်တော်ကားကိုယူ၍ ဈေးဝယ်ထွက်ခဲ့သည်။ အပြန်တွင်သူ၏ ကားကိုမောင်းရင်း သူ့ကားမှာ ဖုန်များနှင့် ပေရေညစ်ပတ်

www.burmeseclassic.com

www.burmeseclassic.com



နေသည်ကို သတိထားမိသည်။ သို့နှင့် အိမ်ပြန်ရောက်သည့် အခါ အိမ်ထဲမဝင်ခင် သူ့ကားကို ဆေးကြောသန့်စင် လာလိုက်သည်။ ထိုနောက် အိမ်ထဲဝင်လာပြီး ခင်ပွန်းဖြစ်သူ အား ပြောလိုက်သည်။

'ဒီကမ္ဘာပေါ်မှာ ရှင့်ကို အချစ်ဆုံး မိန်းမတစ် ယောက်က ရှင့်ကားကို သန့်ရှင်းသွားအောင် ဆေးကြောပေး လိုက်တယ် သိလား'

ထိုအခါ ခင်ပွန်းဖြစ်သူက အလန့်တကြား ကျွန်မ အား ကြည့်လိုက်ပြီးမှ ပြောလိုက်သည်။

'ဘာလဲ ဒီမှာ မေမေ ရောက်နေတယ် ဟုတ်လား'

## ၅၈။ ကျွန်တော့်လက်နဲ့ထိရင်

ဆရာဝန်ပေါက်စ ဘဝက ကျွန်တော် သင်ခန်းစာတစ်ခု ရခဲ့ဖူးသည်။ ယင်းမှာ မိမိပြောသည့်စကားကို ပြောသင့် မပြောသင့် စဉ်းစားရန် ဖြစ်ပါသည်။

အသည်းအသန် နေထိုင်မကောင်းဖြစ်နေသော လူနာ တစ်ယောက်သည် သက်သာလာသဖြင့် တစ်နေ့တွင် ကျွန်တော်အား သူ့ ဆေးရုံတက်နေစဉ် မိတ်ဆွေများက

www.burmeseclassic.com

သူ့ထံ ပေးပို့ထားသော သစ်ပင်များကို သူ့အိမ်ခြံဝင်းတွင် သွားရောက်စိုက်ထားလိုသဖြင့် သူ့အား လိုက်ပို့ပေးရန်မေတ္တာ ရပ်ခံလေသည်။

ထိုအခါ ကျွန်တော်က ပြန်ပြောလိုက်မိသည်။

'ဟာ ဝမ်းနည်းပါတယ်၊ ကျွန်တော်က ဒီဘက်မှာ သိပ်ကံမကောင်းဘူးဗျ၊ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော့် လက်နဲ့ ထိထိသမျှ သေသေသွားကြတာချည်းပဲ'

ထိုနောက်ပိုင်းတွင် ထိုလူနာသည် သူသေးရုံမှ မဆင်းမီအထိ သူ့အား ကျွန်တော် ကိုင်တွယ်စမ်းသပ်သည်ကို လုံးဝ လက်မခံတော့သည်ကို တအံ့တသြ တွေ့ရပါတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com



## ၇၉။ အတီးအမှုတ်သင်နေလို့

အာဖရိကရှိ တောကြီးမျက်မည်းအလယ်တွင် စခန်းချ နားနေကြသောသူ နှစ်ယောက်သည် သူတို့၏ အတွေ့အကြုံ များကို ပြန်ပြောင်းပြောပြနေကြသည်။ ပထမ တစ်ယောက် က ပြောလိုက်သည်။

'ဒီလို တောကြီး မျက်မည်းထဲကို လာရတဲ့အကြောင်း ကတော့ဗျာ သွေးသားထဲကကို တောင်းဆိုလာလို့ပါ၊ မြို့ပြမှာနေနေရတာ ကျွန်တော့်အဖို့ တစ်နေ့တခြား ငြီးငွေ့ လာတယ်ဗျာ၊ မြို့ပြက လေထုက ဘယ်လောက် ညစ်ညမ်း သလဲ၊ ကားမီးခိုးတွေ စက်ရုံမီးခိုးတွေနဲ့ ပြည့်နေတော့ လူကို မွမ်းကြပ်နေတာပဲဗျ၊ အခုဆိုရင်ဗျာ မြို့ပြမှာနေတဲ့ လူတွေ မမြင်နိုင် မခံစားနိုင်တဲ့ နေထွက်တဲ့ရှုခင်း၊ တော တောင်ထဲက ကျေးငှက်သာရကာတွေရဲ့ တွန်ကျူးသံတွေနဲ့ ဘယ်လောက် ကြည်နူးစရာ ကောင်းသလဲ၊ သဲသောင်တွေ ပေါ်မှာ ကျွန်တော် ခြေရာကလေးတွေကို ပြန်ကြည့်ရတာ ဘယ်လောက် ပျော်စရာကောင်းသလဲ၊ သဘာဝရဲ့အလှအပ ကို ပကတိအတိုင်း အရှိအတိုင်း တွေ့မြင်ခံစားရတာ တကယ့်ကို စိတ်နှလုံး ချမ်းမြေ့စရာပါဗျာ၊ ခင်ဗျားကရော ဘယ်လိုလုပ်ပြီး ဒီကို ရောက်လာရတာလဲ'

'ကျွန်တော်လား၊ ကျွန်တော့်သားက ဂီတ အတီး အမှုတ် သင်နေတယ်လေ၊ ဒါကြောင့်ပါဗျာ'

www.burmeseclassic.com

www.burmeseclassic.com

## ၈၀။ မွေးနေ့ကတော့ မပို့ဘူးလား။

ကျွန်မအနေနှင့် ရင်းနှီးချစ်ခင်သော သူများ၏ မွေးနေ့ကို မည်သည့်အခါမျှ မေ့ရိုးထုံးစံ မရှိပါ။ သို့သော် ကျွန်မ ခင်ပွန်းသည်ကတော့မူ မေ့သည့်နေရာတွင် ရှာမှရှားဟု ဆိုနိုင်ပါသည်။ နှစ်စဉ်နှစ်တိုင်း ကျွန်မ မွေးနေ့မတိုင်မီ သူ့ကို မပြောခဲ့ပါလျှင် သူကတော့ ထုံးစံအတိုင်း အမှတ် ရလေ့ မရှိပါ။ ဤသို့နှင့် တစ်နှစ်တွင်မူ ကျွန်မ မွေးနေ့ကို ဒီတစ်ခါတော့ သတိမပေးတော့ဟု ဆုံးဖြတ်လိုက်ပါသည်။ ထိုအခါတွင်- ထိုမွေးနေ့သည် အခြားနေ့ရက်များကဲ့သို့ ကုန်ဆုံးသွားခဲ့ပါသည်။ သားသမီးများကလည်း ထိုနည်း လည်းကောင်းပင်။ ကျွန်မ မွေးနေ့ကို အမှတ်မရကြပါ။ ကလေးများ အိပ်ချိန်ရောက်လာသည့်တိုင် တစ်ယောက်ကမျှ ကျွန်မကိုလာပြီး ပျော်ရွှင်စရာ မွေးနေ့အခါဟု လာမပြော ကြပါ။

ကျွန်မ ခင်ပွန်းသည်က တိတ်ဆိတ်ငြိမ်သက်လှသော သားသမီးများကိုကြည့်၍ ပြောလိုက်ပါသည်။

'သူတို့ကြည့်ရတာ တိတ်ဆိတ် ငြိမ်သက်လှပါလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်လေ၊ ဒီနေ့က သူတို့အမေရဲ့ မွေးနေ့ဆိုတာကို စဉ်းစားနေကြလို့နေမှာပေါ့'

'ဟာ ဒါဆိုရင် မင်း မွေးနေ့ကတ်လေးရော ပို့ဖြစ်ရဲ့လား'

## ၈၁။ ကလေးရောနေကောင်းရဲ့လား

လူတစ်ယောက်သည် အကြွေးစနစ်ဖြင့် ရောင်းချသောဆိုင်သို့ ရောက်လာပြီး ကလေးပုခက်ဝယ်ယူသည့် အကြွေးနောက်ဆုံးအရစ်ကို လာသွင်းလေသည်။

ထိုအခါ ဆိုင်ရှင်က ကျေးဇူးတင်စကား ပြောပြီး မေးလိုက်သည်။

'ကလေးရော ကျန်းကျန်းမာမာပဲနော်'

'ဪ ကျွန်တော်လား၊ နေကောင်းပါတယ်'

## ၈၂။ မြေပဲကျွေးရင်

ဖခင်တစ်ယောက်သည် သူ၏ ကလေးငယ်များကို တိရစ္ဆာန်ရုံသို့ ခေါ်သွားပြီး လိုက်လံပြသသည်။ ကလေးများက မျောက်များကိုကြည့်ချင်သဖြင့် မျောက်များထားရာရုံသို့ သွားကြည့်သော်လည်း ထိုအချိန်က မျောက်များ မိတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ချိန်ဖြစ်သဖြင့် မျောက်များမှာ အခန်းတွင်းက မထွက်သဖြင့် မတွေ့ရဖြစ်နေသည်။ ထို့ကြောင့် ဖခင်ဖြစ်သူက အနီးရှိ တိရစ္ဆာန်ရုံ အစောင့်ကို မေးကြည့်သည်။

'သူတို့ကို မြေပဲကျွေးရင် ထွက်လာမလား ခင်ဗျာ'

ထိုအခါ အစောင့်လုပ်သူက ပြန်ပြောလိုက်သည်မှာ

'ခင်ဗျားဆိုရင်ကော ထွက်လာမလား ဟင်'

## ၈၃။ ပြင်တော့မယ်

အိမ်နီးချင်း အမျိုးသမီးနှစ်ယောက်တို့သည် ကော်ဖီသောက်ရင်း စကားစမြည် ပြောဆိုနေကြလေသည်။ ထိုအခါ တစ်ယောက်က ပြောပြသည်။

'ရှင့်ယောကျ်ား အကြောင်းကို ကျွန်မ ယောကျ်ားကို အမြဲတမ်းပြောပြနေရတယ်၊ ရှင့်ယောကျ်ားဟာ ဘယ်လောက် လူကြီးဆန်တယ်၊ ညာတာ ထောက်ထားတယ်ဆိုတဲ့ အကြောင်းပေါ့၊ ကျွန်မအနေနဲ့ ရှင့်ယောကျ်ားဟာ ကားနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြန်လာပြီဆိုရင် သူ အရင်ဆင်းတယ်၊ ပြီးတော့ ရှင်ထိုင်တဲ့ဘက်လာပြီး တံခါးဖွင့်ပေးတယ်လို့ ပြောပြနေရတယ်'

'သြော် ဒါက ရှင်မသိလို့ပါ၊ အဲဒီလိုလုပ်ပြီးတိုင်း ကျွန်မ ယောကျ်ားက ဘာပြောတယ် ထင်သလဲ၊ ဒီတံခါးတော့ မနက်ဖြန်ပြင်မှ ဖြစ်မယ်၊ ခု တံခါးဖွင့်ပေးတာ နောက်ဆုံးပဲလို့ ပြောတတ်တယ်ရှင်'

## ၈၄၊ နှိုးပြောရသလား၊

အမျိုးသားတစ်ယောက်သည် ဇာတ်ပွဲတစ်ပွဲသို့ မိန်းမဖြစ်သူက အတင်းခေါ်လာသဖြင့် လိုက်ကြည့်ရလေသည်။ ဇာတ်ပွဲစတင်ကပြ၍ နာရီဝက်ခန့်ရှိသောအခါ ယောကျ်ားဖြစ်သူမှာ သူ့နံဘေးကို တံတောင်နှင့် တွက်နေသဖြင့် လှမ်းကြည့်လိုက်ရာ သူ့ဇနီးသည်က လေသံဖြင့် တိုးတိုးကလေး ပြောလိုက်သည်။

'ကျွန်မတို့ရှေ့ကလူကို ကြည့်စမ်းပါဦး၊ ဇာတ်ပွဲထဲလာပြီး အိပ်နေရတယ်လို့'

'ဒါလေးပြောချင်တာများ အိပ်နေတဲ့လူကို နှိုးပြောရသလားကွ'

www.burmeseclassic.com

www.burmeseclassic.com





## ၈၅။ မစားရဲခဲ့လို့

ထောင်ဝန်ထမ်းတစ်ဦးက ပြစ်မှုတစ်ခုကြောင့် သေဒဏ် ချမှတ်ခံရသော တရားခံတစ်ဦးအား သူ၏ နောက်ဆုံး ညစာကို စားချင်ရာ စားနိုင်ကြောင်း ပြောလိုက်ပြီး အကောင်းဆုံး စားစရာကို အရွေးခိုင်းလေသည်။

'ပုစွန်၊ ငါး၊ ဒါမှမဟုတ် အသားဟင်းထဲက မင်းကြိုက်ရာ အကောင်းဆုံး စားချင်ရာတစ်ခု ရွေးပေါ့'

'အဲဒီဟင်းတွေ တစ်ခုမှ မစားချင်ပါဘူး၊ ကျွန်တော် မှိုဟင်းတစ်ခွက်ပဲ ပေးပါ'

'ဘာပြောတယ်၊ မှိုဟင်းဟုတ်လား၊ ဘာဖြစ်လို့လဲ၊ တခြား ဟင်းတွေ မင်းကြိုက်တာ မရှိတော့ဘူးလား'

'မဟုတ်ပါဘူးဗျာ၊ မှိုဟင်းကို တစ်သက်လုံး မစားရဲလို့ မစားခဲ့တာမို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



## ၈၆။ ကံဆိုးချင်တော့

လူတစ်ယောက်သည် အလုပ်မှ ခေတ္တနားချိန်တွင် သူတို့၏ လုပ်ဖော်ကိုင်ဘက် သူငယ်ချင်းတစ်ယောက်၏ အိမ်ထောင်ရေးနှင့် ပတ်သက်ပြီး ပြောဆိုနေကြသည်။

'ဒီကောင် ဖရက်ဒ်ရဲ့ မိန်းမက ဆရာဝန်နဲ့ မှန်မှန်ပြနေရတယ်ကွ၊ အေး ဒါပေမယ့် ကိုယ့်လူကံဆိုးချင်တော့ ဒီကောင် အလုပ်ထွက်သွားတာနဲ့ အဲဒီ ဆရာဝန်က သူ့မိန်းမဆီ ရောက်လာတော့တာပဲတဲ့'

## ၈၇။ အိုးကိုသုတ်တာကို

အလွန်တရာမှ ကြွယ်ဝချမ်းသာသော အမျိုးသမီးကြီးတစ်ဦးသည် သူတာဝင်ရှိသော ရှေးဟောင်း ကြွေအိုးကြီးကို လူတကာပြ၍ ဂုဏ်ယူလျက်ရှိသည်။ တစ်နေ့တွင် သူ၏ အိပ်ခန်းအား ထိုကြွေအိုးအရောင်အတိုင်း ဆေးသုတ်ရန် ဆုံးဖြတ်လိုက်ပြီး ဆေးသုတ်သမားများကို ခေါ်၍ အိပ်ခန်းကို သုတ်ခိုင်းရာ မည်သူမျှ ကြွေအိုး၏ အရောင်အတိုင်း မသုတ်နိုင်ဘဲ ဖြစ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးသုတ်သမား တစ်ဦးသည် နောက်ဆုံးတွင် တာဝန်ယူလိုက်ပြီး ဆေးကို သေချာစွာ အရောင်စပ်၍ သုတ်ပေးလိုက်ရာ အမျိုးသမီးကြီးမှာ အလွန်တရာမှ သဘောကျသွားပြီး ထိုဆေးသုတ်သမားမှာလည်း နာမည်ကြီး သွားသည်။

နှစ်ပေါင်းများစွာ ကြာသောအခါ ထိုဆေးသုတ် သမားမှာ အသက်အရွယ်ရလာသဖြင့် အလုပ်မှ အနားယူ လိုက်ပြီး သူ့လုပ်ငန်းကို သားဖြစ်သူအား လွှဲပြောင်းပေးလိုက် လေသည်။

ထိုအခါ သားဖြစ်သူက ဖခင်အားမေးလိုက်သည်။

'အဖေ လုပ်ခဲ့တာနဲ့ပတ်သက်လို့ ကျွန်တော် တစ်ခု လောက်မေးချင်တယ်၊ သူဌေးမကြီးရဲ့ အိပ်ခန်းကို ကြွေအိုး အတိုင်း ဆေးသုတ်တာ အဖေ ဘယ်လိုလုပ်လိုက်တာလဲ ဟင်'

ထိုအခါ ဖခင်ဖြစ်သူက အောက်ပါအတိုင်း ပြန်ပြော လိုက်လေသည်။

'ငါ့သား အဖေသုတ်တာ အခန်း မဟုတ်ဘူးကွ၊ ကြွေအိုးကို သုတ်ပေးလိုက်တာ'

www.burmeseclassic.com

www.burmeseclassic.com



## ၈၈။ အစက ဘာလဲဟင်

လူတစ်ယောက်က ပြောလိုက်သည်။

'ကျုပ်မိန်းမက ကျုပ်ကို လူနာတစ်ယောက်ဖြစ်အောင် လုပ်လိုက်တယ်ဗျာ'

'ဒါဆိုရင် အစက ခင်ဗျားက ဘာလဲဟင်'

'ကျုပ်လား၊ သူနဲ့ မယူခင်က သန်းထောင်ပေါင်းများစွာ ကြွယ်ဝတဲ့လူတစ်ယောက်ပေါ့ဗျာ'

## ၈၉။ ငါနဲ့မှ မသိတာ

ဖနီးမောင်နှံနှစ်ယောက်သည် ပန်းခြံထဲသို့လာရောက် အပန်းဖြေနေရင်း ခုံတန်းလျား တစ်ခုပေါ်တွင် လူငယ်စုံတွဲ တစ်တွဲသည် တစ်ယောက်နှင့်တစ်ယောက် ဖက်လျက် အားပါးတရ နမ်းနေကြသည်ကို တွေ့ကြလေသည်။

ထို့ကြောင့် ဖနီးသည်က မေးလိုက်သည်။

'ရှင် ဘာဖြစ်လို့ အဲဒီလို မလုပ်တာလဲ ဟင်'

'ဟ ငါနဲ့ အဲဒီ အမျိုးသမီးနဲ့မှ မသိတာ'

www.burmeseclassic.com

www.burmeseclassic.com





## ၉၀။ သူတို့တွေကြပြန်ပြီ

မြို့ကလေးတစ်မြို့ရှိ အရက်ဆိုင်မှ ပိုင်ရှင်ဖြစ်သူသည် သူ့ဆိုင်တွင် သူ့ဆိုင်မှ ညဦးပိုင်းတွင် သောက်မည့်သူ တစ်ယောက်တည်းရှိသဖြင့် အိမ်သို့လှမ်း၍ သူ့ဇနီးသည်ထံ ဖုန်းဆက်ပြောလိုက်သည်။

'ဒီနေ့ စောစောပြန်ရောက်မယ်ကွ'

ဖုန်းဆက်အပြီးတွင် ဆိုင်ထဲသို့ လူတစ်ယောက် ထပ်ရောက်လာသည်။ ထိုအခါ ပထမ သောက်နေသူက လှမ်းခေါ်လိုက်ပြီး မေးလိုက်သည်။

'ခင်ဗျား ဘယ်ကလာတာလဲ'

'မြို့အနောက် ငါးမိုင်လောက်ကပါ'

'ဟာ ကျွန်တော်လဲ အဲဒီမှာနေတာပဲ၊ ကဲ လာ လာ၊ ဘီယာသောက်ရအောင်'

ဤသို့နှင့် သူတို့နှစ်ယောက်သား စကားတပြောပြော နှင့် ဘီယာသောက်နေရင်းက ပထမလူသည် နောက်ရောက် လာသူမှာ အသက် ၄၃ နှစ်ရှိပြီဖြစ်ကြောင်း သိသွားလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်လဲ အသက် ၄၃ နှစ်ရှိပြီဗျ၊ ကဲ ဘီယာ ထပ်သောက်လိုက်ရအောင်ဗျာ'

ဆက်၍ သောက်နေရင်း တစ်ဆေးရုံတည်း၌မွေးဖွားတာချင်းကို သိသွားကြပြီး ဘီယာထပ်မှာ၍ သောက်ကြပြန်သည်။ ထိုစဉ် အရက်ဆိုင်ပိုင်ရှင်က အိမ်သို့ဖုန်းထပ်ဆက်လိုက်သည်။

'စောစောပြန်မရောက်နိုင်တော့ဘူးကွ၊ လင်းစထရောင်း အမွှာညီအစ်ကို ဆိုင်ထဲမှာ ရောက်နေကြပြီး တွေ့နေကြပြန်ပြီ'

## ၉၁။ သူပြောတာ မှတ်တယ်

တစ်ခါက ပင်လယ်ခရီးသွား သင်္ဘောတစ်စီး ပျက်ရာ ငယ်ရွယ်လှပသော မိန်းကလေးတစ်ဦးနှင့် သူ၏ အတတခင်ပွန်းသည်တို့သည် နပိုရှောမောသောသင်္ဘောသားတစ်ဦးနှင့်အတူ ကျွန်းတစ်ကျွန်းပေါ်သို့ ရောက်ရှိသွားလေသည်။

တစ်နေ့နံနက်ခင်းတွင် သင်္ဘောသားဖြစ်သူက အုန်းပင်မြင့်မြင့် တစ်ပင်ပေါ်သို့ တက်သွားပြီး အပေါ် ရောက်သည့်အခါ အောက်ကို လှမ်းကြည့်၍ အော်ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com





'ဟော့လူတွေ နေ့ခင်းကြောင်တောင် ဘာတွေလုပ်နေတာလဲ၊ မကောင်းပါဘူးဗျာ၊ ဆင်ဆင်ခြင်ခြင်နေမှပေါ့'

ထိုသဘော်သား အုန်းပင်ပေါ်မှ ပြန်ဆင်းလာသောအခါ လင်ယောကျ်ားဖြစ်သူက သဘော်သားကို မေးလိုက်သည်။

'ခင်ဗျား ဘာတွေဖြစ်နေတာလဲ၊ ကျုပ်တို့ဘာသာကျုပ်တို့ အေးအေးဆေးဆေး ထိုင်နေကြတာပဲ၊ ဘာမှလဲ လုပ်ရပါလား'

'တောင်းပန်ပါတယ်ဗျာ၊ အုန်းပင်ပေါ်ရောက်တဲ့အခါ အောက်ကို လှမ်းကြည့်ရင် အဲဒီအတိုင်းမြင်ရလို့ပါ၊ ကျွန်တော် တောင်းပန်ပါတယ်'

ထိုသို့နှင့် နေ့စဉ် နံနက်တိုင်း ထိုသဘော်သားသည် ထိုအုန်းပင်ပေါ်သို့တက်ပြီး အပေါ်ရောက်သည့်အခါတိုင်းလို အော်ဟစ်နေလေသည်။ နောက်ဆုံးတွင် လင်ယောကျ်ား ဖြစ်သူသည် သူကိုယ်တိုင် အုန်းပင်ပေါ်တက်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။ သို့နှင့် အုန်းပင်ပေါ်သို့ခက်ခက်ခဲခဲ ကြိုးစားပမ်းစားတက်ရာ နောက်ဆုံး အပေါ်သို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားသည်။ ထိုအခါကျမှ သူ့နှုတ်က ရေရွတ် ပြောဆိုလိုက်သည်မှာ

'ဟာ ဟိုကောင်ပြောတာ မှန်သားပဲ အောက်ကို လှမ်းကြည့်လိုက်တာ သူပြောတဲ့ အတိုင်းပါပဲလား' ဟူ သတည်း။

## ၉၂။ ပထမဆုံး သင်ပေးတာက

အာဝင်ဆိုသူသည် သူငယ်ချင်း မိတ်ဆွေတစ်ယောက်နှင့် နှစ်ပေါင်းများစွာ ကွဲကွာသွားပြီးတစ်နေ့တွင် ပြန်တွေ့ကြ လေသည်။

'ဟာ သူငယ်ချင်း၊ မင်းကြည့်ရတာ အရင်လို မဟုတ်ပါလား၊ သပ်သပ်ရပ်ရပ်နဲ့ အင်္ကျီလဲ သန့်သန့်ရှင်းရှင်း နဲ့ ရှောင်းဘီကလဲ မီးပူတိုက်ပြီးသားနဲ့ ဟန်ကိုကျလို့၊ မင်း အိမ်ထောင်ကျနေပြီထင်တယ်'

'ဟုတ်တယ်ကွ၊ ဒီလို လုပ်တတ်၊ နေတတ်အောင် ငါ့မိန်းမက ပထမဆုံး သင်ပေးတာပါပဲကွ' ဟူ၍ စိတ်ပျက် လက်ပျက်နှင့် ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com





## ၉၃။ ဖေဖေကော

'မေမေ၊ သားလေ ဖေဖေနဲ့ မြို့ထဲသွားတော့ ဘတ်စ်ကား ပေါ်မှာ ဖေဖေနဲ့ အတူထိုင်နေတုန်း တစ်နေရာ ရောက်တော့ အမျိုးသမီးတစ်ယောက် ကားပေါ် တက်လာတယ်၊ အဲဒီတော့ ဖေဖေက သားကို နေရာဖယ်ပေးလိုက်ပါတဲ့'

'သား အဲဒီလို နေရာဖယ်ပေးရတာ လူကြီး လူကောင်း၊ လူယဉ်ကျေးတွေရဲ့အလုပ် သားရဲ့၊ သားအတွက် ဂုဏ်ယူစရာပေါ့'

'မေမေကလဲ အဲဒီတော့ သားက ဖေဖေ့ပေါင်ပေါ်မှာ ထိုင်လိုက်လာရတော့တာပေါ့'

## ၉၄။ သားပြန်ရောက်နေပြီ ထင်တယ်

လူတစ်ယောက်သည် သူ၏ အိမ်နီးနားချင်းတစ်ယောက်အား ပြောပြနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်သားတော့ ကောလိပ်ကနေ ပြန်ရောက်နေပြီ ထင်တယ်ဗျ'

'ခင်ဗျား ဘယ်လိုလုပ် သိသလဲ'

'သူ့ဆီက ဘာမှ မကြားရတာ သုံးပတ်လောက်ရှိသွားပြီဗျ၊ ပြီးတော့ ကျွန်တော့်ကားလဲ အိမ်မှာ ပျောက်နေတယ်လေ'

## ၉၁။ ကြက်ဥအပုပ်တွေလိုချင်တယ်

တစ်နေ့တွင် စတိုးဆိုင်တစ်ဆိုင်ထဲသို့ လူတစ်ယောက် ရောက်လာပြီး အရောင်းစျေးသည် တစ်ဦးအား မေးလိုက်သည်။

'ခင်ဗျားတို့မှာရှိတဲ့ ကြက်ဥအပုပ်အားလုံး လိုချင်တယ်'

'ဘာဖြစ်လို့ ကြက်ဥအပုပ်တွေ လိုချင်ရတာလဲ၊ ရှင့်ကြည့်ရတာ ဒီနေ့ည စကပြမယ့် လူရွှင်တော်အသစ်ကို သွားကြည့်တော့မယ် ထင်တယ်'

'ရှူး တိုးတိုးဗျ တိုးတိုး၊ လူရွှင်တော်အသစ်ဆိုတာ ကျွန်တော်ပဲ'

www.burmeseclassic.com

www.burmeseclassic.com





## ၉၆။ ကားအသစ်နဲ့

လူတစ်ယောက်သည် အရက်ဆိုင်တစ်ဆိုင်ထဲသို့ အလွန်တရာမှ စိတ်ညစ်နေပုံမျိုးနှင့် ဝင်လာပြီး အရက်နှစ်ခွက်မှာလိုက်သည်။ ထိုအခါ ဆိုင်ထဲတွင် အသိတစ်ယောက်က မေးလိုက်သည်။

'ခင်ဗျား ဘာဖြစ်လာလို့လဲဟင်'

'ကျုပ် မိန်းမပေါ့ဗျာ၊ ကားယူသွားပြီး ကျုပ်ရဲ့ အချစ်ဆုံး သူငယ်ချင်းတစ်ယောက်နဲ့ လိုက်ပြေးသွားတယ်လေ'

'အို ဟုတ်လား၊ စိတ်မကောင်းစရာဗျာ၊ ဒါပေမယ့် ခင်ဗျား ကားအသစ်နဲ့တော့ မဟုတ်ပါဘူးနော်'

www.burmeseclassic.com

www.burmeseclassic.com



## ၃၅။ ဒီမနက်ကျမှ

ဆရာဝန်ဖြစ်သူက လူရွယ် လူလတ်ဖြစ်သူ လယ်သမားတစ်ယောက်အား သူ့ခြေထောက် ကျိုးပုံကျိုးနည်းကို မေးလိုက်သည်။ ထိုအခါ ထိုလယ်သမားက ပြန်ပြောပြသည်။

'ဒီလိုပါ ဆရာ၊ လွန်ခဲ့တဲ့ နှစ်ဆယ့်ငါးနှစ်လောက်ကပေါ့'

'နေစမ်းပါဦး၊ လွန်ခဲ့တဲ့ နှစ်ဆယ့်ငါးနှစ်ကကို ပြောနေတာ မဟုတ်ဘူး၊ ဒီမနက် ခင်ဗျား ခြေထောက် ဘယ်လိုကျိုးသွားသလဲ မေးနေတာ'

'ဟုတ်ပါတယ် ဆရာ၊ အဲဒါကိုပဲ ပြောနေတာပါ၊ လွန်ခဲ့တဲ့ နှစ်ဆယ့်ငါးနှစ်လောက်ကပေါ့၊ အဲဒီနေ့မှ လယ်ပိုင်ရှင်ထံမှာ အလုပ်စတင်လုပ်ပါတယ်၊ အဲဒီညမှာပဲ ကျွန်တော် အိပ်ရာဝင်မယ်လုပ်တော့ သိပ်ချော သိပ်လှတဲ့ လယ်ပိုင်ရှင်သမီးက ကျွန်တော့်အခန်းထဲ ရောက်လာပြီး ကျွန်တော့်ကို မေးပါတယ်။

'ဘာလိုသေးသလဲတဲ့'

'ဒါနဲ့ ကျွန်တော်ကလဲ ဘာမှ မလိုပါဘူး၊ အားလုံး ပြည့်စုံပါတယ်လို့ ပြန်ပြောလိုက်တာပေါ့၊ ဒါကို လယ်ပိုင်ရှင် သမီးက ထပ်မေးပြန်ပါရော၊ သေချာရဲ့လား၊ ဘာမှ မလိုတော့ဘူးလား၊ ရှင့်အတွက် ကျွန်မ ဘာလုပ်

www.burmeseclassic.com

www.burmeseclassic.com



ပေးရဦးမလဲလို့ မေးတာပေါ့၊ ကျွန်တော်ကလဲ ဘာမှ မလိုသေးပါဘူးလို့ ပြန်ပြောလိုက်တယ် ဆရာ'

'အဲဒီအကြောင်းနဲ့ ခင်ဗျား ခြေကျိုးတာနဲ့ ဘယ်လို ပတ်သက်နေသလဲ ဆိုပါဦး'

'ဒီနေ့ မနက်တော့ အိမ်ခေါင်မိုး ပေါက်နေလို့ တက်ဖာတယ်ဆရာ၊ အဲဒီလို ခေါင်မိုးဖာနေတုန်းမှာ အဲဒီ လွန်ခဲ့တဲ့ နှစ်ဆယ့်ငါးနှစ်လောက်က ဘာလိုသေးလဲဆိုတဲ့ အဓိပ္ပာယ်ကို အခုမှ စဉ်းစားမိတယ်၊ စဉ်းစားလဲ စဉ်းစား မိရော ကျွန်တော်လဲ ခေါင်မိုးပေါ်က ပြုတ်ကျပြီး ခြေထောက် ကျိုးသွားတာပဲ ဆရာ'

## ၉၈။ အမြဲတမ်း ဆာလောင်မွတ်သိပ်နေတဲ့လူ

အမေဖြစ်သူက သမီးကို သူနှင့်တွဲနေသောလူနှင့်ပတ်သက်ပြီး မေးလိုက်သည်။

'သမီးနဲ့ အခုတွဲနေတဲ့လူက ဘယ်လိုလူမျိုးလဲ၊ သူက ယုံကြည်ကိုးစားလောက်တဲ့ လူလား သမီး'

www.burmeseclassic.com

www.burmeseclassic.com



'လူကတော့ ယုံကြည်ကိုးစားလောက်တဲ့ သူပါပဲ မေမေ၊ သူက အမြဲတမ်း ဆာလောင် မွတ်သိပ်နေတာ တစ်ခုပါပဲ၊ ဒါပေမယ့် အရက် မသောက်တတ်ပါဘူး၊ ဆေးလိပ်မသောက်တတ်ပါဘူး၊ သူ့မှာ သိပ်ကြင်နာတတ်တဲ့ မိန်းမတစ်ယောက်ရှိတယ်၊ လိမ္မာရေးခြားရှိတဲ့ သား သမီး သုံးယောက်လဲ ရှိတယ်လေ'

## ၉၉၊ ဖေဖေအိပ်သွားပြီ

အိမ်ဖော်မိန်းကလေးမှာ ခွင့်ယူပြန်သွားသဖြင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းရှင်ကြီး တစ်ယောက်သည် သူ့ဇနီးသည်အား အနားယူစေပြီး သူ၏ လေးနှစ်သားအရွယ် သားငယ်ကို ခေါ်၍ အိပ်ရာဝင်စေသည်။ သူကိုယ်တိုင်က သားငယ်ကို အိပ်ပျော်အောင် စောင့်နေစဉ် သတင်းစာ တစ်စောင်ကို ဖတ်ရှုနေလေသည်။ တစ်နာရီခန့်ကြာသော အခါ သားငယ်ဖြစ်သူသည် အိပ်ရာထဲမှ ပြန်ထွက်လာပြီး အမေဖြစ်သူကို ပြောလိုက်သည်။

'ဖေဖေတော့ အိပ်သွားပြီ'

www.burmeseclassic.com

www.burmeseclassic.com



## ၁၀၀။ အားလုံးသုံးလိုက်တယ်

မိတ်ဆွေသူငယ်ချင်းနှစ်ယောက် လမ်းတွင် တွေ့ဆုံကြရာ တစ်ယောက်က မေးလိုက်သည်။

'မင်း မနေ့က မင်းကောင်မလေးနဲ့ လျှောက်လည်တာ ပိုက်ဆံတွေ အတော်သုံးလိုက်တယ်ဆို'

'အေးလေ သူ့မှာပါသမျှ အားလုံးကို သုံးလိုက်တာပါကွာ'

## ၁၀၁။ ခရစ်စမတ်လက်ဆောင်

လူတစ်ယောက်က သူ့မိတ်ဆွေတစ်ဦးအား ပြောနေသည်။

'ငါ့ဦးလေးကို ခရစ်စမတ် လက်ဆောင်အဖြစ် ဒေါ်လာတစ်သောင်းတန် ချက်လက်မှတ် တစ်စောင် ပေးလိုက်တယ်ကွ'

www.burmeseclassic.com

www.burmeseclassic.com



'ဟင်၊ ဘဏ်မှာ မင်းငွေက ဒေါ်လာတစ်သောင်း တောင်မှ မရှိတာ ဘယ်လိုပေးလိုက်တာလဲ'

'ကိစ္စမရှိပါဘူးကွာ၊ ငါ့ဦးလေးက သိပ်ကပ်စေးနဲ တာကွ၊ အဲဒီချက်လက်မှတ်ကို သူဘယ်တော့မှ ထုတ်မှာ မဟုတ်ဘူး၊ သိမ်းထားမှာ'

## ၁၀၂။ မကောင်းတဲ့သတင်း

ပန်းချီဆရာတစ်ယောက်သည် ပန်းချီပြခန်းပိုင်ရှင်တစ်ဦးထံ သွား၍ သူ့ပန်းချီကားများအကြောင်း မေးမြန်းစုံစမ်းလေ သည်။ ထိုအခါ ပိုင်ရှင်က ပြောလိုက်သည်။

'ပြောရမှာကတော့ သတင်းကောင်းရော မကောင်း တဲ့ သတင်းရော ပဲဗျ၊ သတင်းကောင်းကတော့ ခင်ဗျားရဲ့ ပန်းချီကားတွေဟာ ခင်ဗျား ကွယ်လွန်သွားတဲ့ တစ်နေ့မှာ နာမည်ကြီးပြီး ဈေးရလာမလားလို့ လူတစ်ယောက်က လာမေးပါတယ်၊ အဲဒီတော့ ကျွန်တော်က ပြောလိုက်တယ်၊ အဲဒီ ပန်းချီဆရာ ကွယ်လွန်သွားလို့ကတော့ ဒီပန်းချီကား တွေဟာ တန်ဖိုးတက်လာမှာ အမှန်ပဲလို့ ပြောလိုက်ပါတယ်၊ ဒါနဲ့ အဲဒီလူက ခင်ဗျားရဲ့ ပန်းချီကားတွေအားလုံး ဝယ်သွား ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင် မကောင်းတဲ့သတင်းကရော ဆိုပါဦး'

'အဲဒီဝယ်သွားတဲ့လူဟာ ခင်ဗျားရဲ့ ဆရာဝန်ပဲပေါ့'

## ၁၀၃။ မကြားလိုက်လို့

အမျိုးသမီးတစ်ဦးသည် သတင်းစာဖတ်နေစဉ် သူ့ယောကျ်ားကမူ ထိုင်ခုံပေါ်တွင် အိပ်ငိုက်လျက် ရှိသည်။ ထိုအခါ အမျိုးသမီးဖြစ်သူက သတင်းစာထဲမှ အကြောင်းအရာတစ်ခုကို ဖတ်ပြလိုက်သည်။

'ဒီထဲမှာ ရေးထားတာ နားထောင်စမ်းပါ၊ ကိုယ့်ချစ်မြတ်နိုးသူကို ကြင်ကြင်နာနာနဲ့ ဂရုတစိုက်ပြုမူခြင်းဟာ အချစ်စစ်ရဲ့ အမှတ်လက္ခဏာပဲတဲ့'

အိပ်ငိုက်နေရာမှ လန့်နိုးလာသော ခင်ပွန်းသည်က

'ဘာပြောလိုက်တာလဲ ဟင်၊ မကြားလိုက်လို့ပါ' ဟု မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၀၄။ ပြန်သတိရလို့

နှစ်ငါးဆယ်မြောက် လက်ထပ်မင်္ဂလာပွဲကို ကျင်းပပြီးစီးသွားပြီးနောက် ဇနီးသည်ဖြစ်သူသည် လင်ယောကျ်ား၏ မျက်လုံးအစုံတွင် မျက်ရည်ဝဲနေသည်ကို တွေ့သဖြင့် ပြောလိုက်သည်။

'မောင်ရယ်၊ ခင်လေ မောင် ဒီလောက်တောင်မှ ချစ်ခင်ကြင်နာ မြတ်နိုးတတ်တယ်ဆိုတာ အစက မသိပါဘူး'

ယောကျ်ားဖြစ်သူက ထိုအခါ ပြန်ဖြေလိုက်သည်မှာ

'အဲဒီလို မဟုတ်ပါဘူးကွာ၊ မင်းမှတ်မိဦးမလား မသိဘူး၊ တို့နှစ်ယောက် သမီးရည်းစားဘဝက တို့ ချိန်းတွေ့တာ မင်းအဖေ မိသွားတယ်လေ၊ အဲဒီမှာ မင်းအဖေက ငါ့ကို ပြောတယ်၊ ငါ့သမီးကို လက်ထပ်ယူရင်ယူ၊ မယူလို့ကရတော့ ထောင်အနှစ် ငါးဆယ် ကျပြီသာ မှတ်တော့လို့ ပြောလိုက်တာလေ၊ အေး အဲဒါ ဒီနေ့ဆိုရင် ငါ ထောင်က လွတ်ပြီပေါ့ကွာ' ဟူသတည်း။

## ၁၀၅။ ထပ်လုပ်မယ် မထင်လို့

သူငယ်ချင်းနှစ်ယောက်သည် ပန်းခြံတစ်ခု၌ အနားယူ အပန်းဖြေနေကြသည်။ ထိုသို့ အပန်းဖြေရင်း နေ့လယ် ၁၁ နာရီ သတင်းကိုဖွင့်၍ နားထောင်ကြသည်။ ထိုသတင်း

www.burmeseclassic.com

www.burmeseclassic.com





ထဲတွင် လူတစ်ယောက်သည် အထပ်နှစ်ဆယ်မြင့်သော အဆောက်အဦတစ်ခုပေါ်မှ ခုန်ချသတ်သေသည့် သတင်း ပါလာသည်။ ထိုအခါ သူငယ်ချင်းတစ်ယောက်က ကျန် တစ်ယောက်ဘက်လှည့်ပြီး ပြောလိုက်သည်။

'ဒီကောင် မခုန်ချပါဘူးကွာ၊ ဒေါ်လာ နှစ်ဆယ်ကြေး လောင်းမလား'

'လောင်းမယ်ကွာ'

ထိုနောက် သတင်းကို ဆက်၍ နားထောင်နေရာ ထိုလူမှာ အထပ် နှစ်ဆယ်ကနေ ခုန်ချ သတ်သေသွား ကြောင်း သိရလေသည်။

ထိုအခါ ရှုံးသူက ဒေါ်လာ နှစ်ဆယ် ထုတ်ပေးရာ သူငယ်ချင်းဖြစ်သူက ပြန်ပေးရင်း ပြောလိုက်သည်။

'ငါ မယူပါဘူးကွာ၊ ဒီအကြောင်းကို မနက် ခြောက်နာရီသတင်းမှာ ငါ နားထောင်ပြီးပါပြီကွာ'

'ငါလဲ နားထောင်ပြီးပါပြီ၊ ဒါပေမယ့် ဒီတစ်ခါတော့ ဒီကောင် မခုန်ချတော့ဘူး ထင်လို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



## ၁၀၆။ မင်း၊ အပြစ်ပေါ့

လင်ယောက်ျားဖြစ်သူသည် အမဲလိုက်ထွက်ရာမှ ပြန်ရောက်လာပြီး ဇနီးဖြစ်သူအား သူ၏ လက်ထပ်လက်စွပ် ပျောက်လာကြောင်း ပြောလိုက်သည်။

'အို ဘယ်လိုဖြစ်ရတာလဲ ပြောစမ်းပါဦး'

'အဲဒါ မင်းကြောင့်ပေါ့ကွ၊ ငါ ပြောထားသားပဲ၊ ငါ့ အင်္ကျီအိတ်တွေ ပေါက်ပြဲနေတယ်လို့ မင်းကို အစကတည်းက ပြောထားသားပဲ'

## ၁၀၇။ မေးလိုက်ပါဦး

အလုပ်မှ အနားယူပြီးခါစ ဆရာဝန်လင်မယား နှစ်ယောက် တစ်ညနေခင်းတွင် အိမ်တွင်ရှိနေကြရာ ခင်ပွန်းဖြစ်သူက သူတို့လို အနားယူထားသည့် မိတ်ဆွေ ဇနီးမောင်နှံထံ ဖုန်းဆက်ပြီး ဘာလုပ်နေကြသလဲဟု ဖုန်းဆက် မေးခိုင်းလေသည်။

ထိုအခါ တစ်ဖက်က မိန်းမဖြစ်သူက ပြန်ပြောလိုက်သည်မှာ

'ကျွန်မတို့လား၊ ကော်ဖီဖျော်သောက်ပြီး စကားပြော နေကြတယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



ဇနီးဖြစ်သူက လင်ယောကျ်ားကို ထိုအကြောင်း ပြန်ပြောပြသည်။

'သူတို့တွေ ကော်ဖီသောက်ပြီး စကားပြောနေကြတာတဲ့၊ ဒါမျိုးဆိုရင် ကျွန်မတို့လဲ လုပ်နိုင်တာပေါ့'

'ဒါဆိုရင် ကော်ဖီဖျော်ကွာ'

ကော်ဖီဖျော်ပြီးနောက် ရှေ့တွင် ကော်ဖီခွက်များချပြီး တစ်ယောက်နှင့် တစ်ယောက် ကြည့်နေရင်းက ခင်ပွန်းသည်က နောက်ဆုံးပြောလိုက်သည်။

'သူတို့ဆီ ထပ်ပြီးဆက်စမ်းပါဦးကွာ၊ ဘာအကြောင်းတွေ ပြောနေတာလဲလို့'

## ၁၀၈။ မှာထားတယ်

အလောင်းအစားကို လွန်စွာမှ ဝါသနာကြီးသူ တိုနီဆိုသူ သေဆုံးသွားရာ သူ၏ အသုဘအခမ်းအနား၌ သူငယ်ချင်းမိတ်ဆွေတစ်ယောက်က ဝမ်းနည်းစကား ပြောကြားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'တကယ်တော့ တိုနီ သေဆုံးသွားတာ မဟုတ်ပါဘူး၊ အိပ်စက် အနားယူသွားတာပါ'

ထိုအခါ အသုဘအခမ်းအနားသို့ ရောက်လာသူ တစ်ယောက်က နောက်ဆုံးတန်းမှ ထွက်လာပြီး ပြောလိုက်သည်။

'သူသေသွားပြီလို့ ပြောပါဆိုပြီး ကျွန်တော့်ကို ဒေါ်လာ တစ်ရာ ပေးထားပါတယ်'

## ၁၀၉။ ရပ်ပေးလိုက်တာနဲ့

မြို့တစ်မြို့တွင် ယာဉ်ထိန်းရဲ အရာရှိ တစ်ယောက်က မော်တော်ကားမောင်းသူတစ်ဦးကို စစ်မေးလျက်ရှိသည်။

'ကဲ ဆိုစမ်းပါဦး၊ ခင်ဗျားကားက သူ့ကို လူကူး မျဉ်းကျားပေါ်မှာ ဘယ်လိုတိုက်မိသွားတာလဲ'

'လုံးဝ သူ့ကို ကျွန်တော့်ကားနဲ့ မတိုက်ရပါဘူးဗျာ၊ သူ လမ်းကူးတော့မလို့ မျဉ်းကျားပေါ် ရောက်လာတာနဲ့ ကျွန်တော်ကလဲ ကားကို လုံးဝ ရပ်ပေးလိုက်ပါတယ်၊ အဲဒါ သူ့ဘာသာသူမေ့ပြီး လဲကျသွားတာပါပဲဗျာ'

www.burmeseclassic.com

www.burmeseclassic.com



## ၁၁၀။ အတွင်းရေးမှူးမလေး စောင့်နေလို့

အလယ်တန်းကျောင်းတစ်ကျောင်းတွင် ဆရာမဖြစ်သူက အတန်းသားများကို 'မီလျံနာသူဌေးကြီးဖြစ်လျှင်' ဟူသော ခေါင်းစဉ်ဖြင့် စာစီစာကုံးတစ်ပုဒ် ရေးခိုင်းလေသည်။

အတန်းသား အားလုံးက ရေးနေကြသော်လည်း ဖိလစ် ဆိုသူကမူ ဘာမှမရေးသေးဘဲ ထိုင်ခုံကို နောက်ကျောမှီလျက် လက်ပိုက်လျက်ထိုင်နေသည်ကို ဆရာမက တွေ့သဖြင့် မေးလိုက်သည်။

'မင်းက မရေးသေးဘဲ ဘာလုပ်နေတာတုံး'

'ကျွန်တော့်အတွင်းရေးမှူးမလေးကို စောင့်နေလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



## ၁၁၁။ ဆရာတွေရဲ့ ကားပါ

တက္ကသိုလ်ကျောင်းတက်နေသော သားဖြစ်သူက ဖခင်ဖြစ်သူအား မော်တော်ကားအသစ်တစ်စီးဝယ်ပေးရန် ပူဆာလျက်ရှိသည်။ တစ်နေ့တွင် ဖခင်က သားဖြစ်သူနှင့် အတူ တက္ကသိုလ်သို့လိုက်ခဲ့ရာ တက္ကသိုလ်ထဲတွင်ရပ်ထားသော ကားများမှာ အဟောင်းများဖြစ်နေသည်ကို တွေ့သဖြင့် ပြောလိုက်သည်။

'သားကသာ ကားအသစ်လိုချင်နေတယ်၊ သားတို့တက္ကသိုလ်က ကားအဟောင်းတွေပဲ စီးနေကျတာပဲကွ'

'ဖေဖေကလဲ အဲဒီကားတွေက ဆရာတွေရဲ့ကားတွေ ဖေဖေရဲ့'

## ၁၁၂။ ပြောစရာရှိသေးလား

ယောက်ျားဖြစ်သူသည် ရုပ်မြင်သံကြားစက်ကို ဖွင့်နေရင်းနှင့် ဇနီးဖြစ်သူအား လှမ်းမေးလိုက်လေသည်။

'ကဲ ဟဲလင် အခု ဘောလုံးပွဲရာသီစပြီကွာ၊ အဲဒီတော့ မင်း ငါ့ကို ဘာပြောစရာရှိသေးလဲ၊ မစခင်ပြောကွာ'

www.burmeseclassic.com

www.burmeseclassic.com





## ၁၁၃။ ဟာသကြောင့်

ဇနီးဖြစ်သူက ခင်ပွန်းသည်အား မေးလိုက်သည်။

'မောင် ကျွန်မကိုချစ်တာ ကျွန်မရဲ့ ပင်ကိုအလှကြောင့်လား၊ လှပကျော့ရှင်းတဲ့ ခန္ဓာကိုယ်ကြောင့်လား ဟင်'

'မဟုတ်ပါဘူးကွာ၊ မင်း အဲဒီလို ဟာသဖြစ်အောင် ပြောတတ်လို့ပါ'

## ၁၁၄။ ပြန်ပြောကွာ

သားဖြစ်သူသည် ကျောင်းမှ ပြန်လာရာ အိမ်အရောက်တွင် ဝမ်းသာအားရနှင့် ဖခင်ဖြစ်သူထံ ပြေးလာပြီး ပြောလိုက်သည်။

'ဖေဖေရေ၊ ဖေဖေ၊ ကျွန်တော်လေ ကျောင်းကပွဲမှာ ကပြမယ့် ပြဇာတ်ပါရမယ် ဖေဖေရ'

'ဟုတ်လား ငါ့သား၊ ဆိုစမ်းပါဦးကွ၊ ဘယ်အခန်းက သရုပ်ဆောင်ရမှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဖခင်အဖြစ် သရုပ်ဆောင်ရမှာ ဖေဖေ'

ဖခင်ဖြစ်သူသည် ခဏမျှ ငြိမ်သွားပြီးမှ ပြောလိုက်သည်။

'မင်းဆရာမကို မနက်ဖြန်ကျရင် ပြန်ပြောကွာ၊ ကျွန်တော် စကားပြောရတဲ့အခန်းက ပါချင်တယ်လို့'

## ၁၁၅။ အရသာကတော့

ဝီလီဆိုသူနှင့် ရေး ဆိုသူ ယာသမားနှစ်ယောက်သည် မြို့တွင် ဈေးဝယ်ရင်း သွားတွေ့ကြလေသည်။ ထိုအခါ ဝီလီက ပြောပြသည်။

'ငါ့ရဲ့ နွားကြီးကွာ ပန်းသေသလို ဖြစ်နေလို့ ဆရာဝန်ဆီ သွားပြရတာ၊ အခုတော့ ကောင်းတော့မယ် ထင်တယ်ကွ၊ ဆရာဝန်ကဲ့ 'သေသေချာချာ စစ်ဆေးပြီး ဆေးတွေဘာတွေ ပေးလိုက်တယ်'

နောက်တစ်ပတ်၌ ၎င်းတို့နှစ်ဦးသားသည် မြို့ထဲတွင် ထပ်တွေ့ကြပြန်ရာ ရေးက မေးလိုက်သည်။

'ဝီလီရေ၊ ငါ့နွားကြီးလဲ မင်းနွားလိုပဲဖြစ်နေတယ်ကွာ၊ မင်းနွားကြီးကို ဆေးကျွေးတော့ အခြေအနေ ဘယ်လိုရှိသလဲ'

'အဲဒါတော့ ငါမသိဘူးကွ၊ ဆေးရဲ့အရသာကတော့ ချောကလက်လိုပါပဲကွာ'

www.burmeseclassic.com

www.burmeseclassic.com





## ၁၁၆။ အိမ်နီးချင်း

သူငယ်ချင်းနှစ်ယောက်သည် လမ်းလျှောက်ထွက်လာကြရာ လမ်းတွင် လူတစ်ယောက်နှင့် တွေ့သဖြင့် တစ်ယောက်က နှုတ်ဆက်လိုက်သည်။

'မစ္စတာ ဘရောင်း၊ နေကောင်းရဲ့လား'

ထိုအခါ ကျန်တစ်ယောက်က ပြောလိုက်သည်။

'ဘယ်လိုလဲကွ၊ ဒီလူက မင်းကို မကြည့်တဲ့ပုံဘဲ၊ မင်းနှုတ်ဆက်တာတောင် ဘာမှ ပြန်မပြောဘူး'

'သူက ငါ့အိမ်နီးချင်းကွ၊ ဘာမှ ပြန်မေးတဲ့အကျင့် မရှိဘူးလေ'

## ၁၁၇။ ကားအတိုက်မခံရအောင်

'မင်းဦးလေးတစ်ယောက် နေ့တိုင်း ဒီလိုအရက်သောက်ပြီး မူးနေရင်တော့ တစ်နေ့နေ့တော့ ကားတိုက်ခံရလိမ့်မယ်ထင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒါတော့ မပူနဲ့၊ ငါ့ဦးလေး၊ သူ မူးပြီးပြန်လာရင် လက်ထဲမှာ ဒိုင်းနမိုက်ဘူးကြီးတစ်ခု ကိုင်ပြီးမှ ပြန်ပြန်လာတာ၊ ဒီတော့ ဘယ်သူကမှ သူ့ကို ဝင်မတိုက်ရဲတော့ဘူး'

၁၁၈။ အလုပ်သစ်

မတွေ့ကြတာ ကြာပြီဖြစ်သော မိတ်ဆွေ သူငယ်ချင်းနှစ်ယောက် တစ်နေရာတွင် သွားတွေ့ကြသဖြင့် တစ်ယောက်က မေးလိုက်သည်။

'မင်းမိန်းမက မင်းကို အပြင်ထွက်ပြီး အလုပ်သစ်ရှာခိုင်းတယ်လို့ ငါကြားတယ်၊ အဲဒီတော့ မင်းက ဘယ်အလုပ်မျိုးရှာသလဲ' ...

'နောက်မိန်းမ တစ်ယောက်ပေါ့ကွ'

၁၁၉။ မှားလို့

အလုပ်ရုံတစ်ခုတွင် အလုပ်သမား အရာရှိက အလုပ်လာလျှောက်သူ၏ စာရွက် စာတမ်းများကိုကြည့်ပြီး ခေါင်းခါလိုက်သည်။

'ဝမ်းနည်းပါတယ်ဗျာ၊ ကျွန်တော်တို့အလုပ်မှာ အခုလိုတာက လူပျိုဖြစ်ရမယ်ဗျ'

www.burmeseclassic.com

www.burmeseclassic.com





'ခင်ဗျား မနေ့က အလုပ် လာလျှောက်တော့ အိမ်ထောင်ရှိသူ ဖြစ်ရမယ်လို့ 'ခင်ဗျားပဲ ပြောတယ်လေ'

'ဟုတ်လား၊ တကယ် ဝမ်းနည်းပါတယ်ဗျ၊ ဒါ ကျွန်တော် မှားပြောလိုက်မိတာပါ'

ထိုအခါ အလုပ်လျှောက်သူက ဒေါနှင့်မောနှင့် ပြန်ပြောလိုက် လေသည်။

'မှားလို့ဟုတ်လား၊ မနေ့ကအထိ လူပျိုဗျ၊ ဒီကို မလာခင်ပဲ လက်ထပ်ခဲ့တာ သိလား'

## ၁၂၀။ အမှန်ပြောလိုက်တော့

'ဟိုကောင် မင်းအကြောင်းတွေ မဟုတ်တာတွေ လျှောက်ပြောနေတယ်၊ မင်း စိတ်မဆိုးဘူးလား'

'မဟုတ်တာတွေ လျှောက်ပြောလို့ကတော့ စိတ်မဆိုးပါဘူး၊ တကယ်လို့ဟုတ်တာတွေသာ ပြောကြည့်ပါလား၊ ဒီကောင့်ကို ကျွန်တော် အသတ်ပဲ'

www.burmeseclassic.com

www.burmeseclassic.com



### ၁၂၁။ သူ့အမေကြောင့်

'ဪ၊ မင်းနဲ့ မင်းကောင်မလေး စေ့စပ်ထားတာ ဖျက်လိုက်ပြီဆို'

'ဟုတ်တယ်ကွ၊ ဒီလိုလေ၊ တစ်နေ့မှာ ငါတို့နေဖို့ တိုက်ခန်းတစ်ခန်းကို သွားကြည့်ကြတယ်၊ အဲဒါ သူ့အမေကြီးက အခန်းကိုကြည့်ပြီး နည်းနည်း ကျဉ်းတယ်လို့ ပြောတာနဲ့ပါကွာ'

### ၁၂၂။ မတူဘူး

'ငါ့မိန်းမက သူ့အမေအိမ်ကို ပြန်တော့မယ်ဆိုပြီး ခြိမ်းခြောက်နေတယ်ကွ'

'ခြိမ်းခြောက်တာလား၊ ကတိပေးတာလား သေချာအောင် မင်းမေးသင့်တယ်'

'ဘယ်လိုကွာခြားလို့လဲ'

'အဲဒီနှစ်ခုက မတူဘူးကွ၊ သူ့ကိုမေးလိုက်၊ သူ့အမေအိမ်ကို တကယ်ပြန်ပြီး ပြန်မလာတော့ဘူးလားလို့၊ ဟုတ်တယ်ဆိုရင် အဲဒါ ကတိပဲ၊ ဒီလိုမှ မဟုတ်ဘဲ သူ့အမေအိမ်ပြန်ပြီး သူ့အမေပါ ခေါ်ခဲ့မယ်ဆိုရင်တော့ အဲဒါ မင်းကို ခြိမ်းခြောက်တာပဲ ကိုယ့်လူ'

www.burmeseclassic.com

www.burmeseclassic.com



## ၁၂၃။ ခဏငှားပါလား။

ရပ်ဝေးရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုတွင် ဖြစ်သည်။ အလုပ်သမားနှစ်ယောက်သည် အခန်းထဲ၌ နားနေကြရာ တစ်ယောက်က ပြောလိုက်သည်။

'ငါ့ကို မင်းဘောလ်ပင် ခဏငှားနိုင်မလား'

'ရပါတယ်ကွ၊ ရော့ ဒီမှာ'

'စာရွက်ကော ပေးနိုင်မလား'

'ရှိတယ်လေ၊ ဒီမှာယူ'

'မင်းအပြင်ထွက်ရင် စာတိုက်ဘက် ရောက်ဦးမှာလား'

'ထင်တာပဲ'

'ဒါဆိုရင် လက်စနဲ့ကွာ တံဆိပ်ခေါင်းကလေးရှိရင် ပေးပါဦး'

'ရော့၊ ရော့'

'ဒါဆိုရင် မင်းကောင်မလေးရဲ့လိပ်စာက ဘာလဲဟင်'

www.burmeseclassic.com

www.burmeseclassic.com



## ၁၂၄။ အရှက်အကြောက်ကြီးသူ

သားအမိ နှစ်ယောက်သည် သမီးဖြစ်သူ၏ ရည်းစားအကြောင်း ပြောလျက်ရှိကြသည်။

'သမီး၊ မင်းရဲ့ကောင်လေးက အတော်ကို အရှက်အကြောက်ကြီးတာပဲ'

'ဟုတ်ပါတယ် မေမေရယ်၊ သူ့ အရှက်အကြောက်ကြီးပုံက လွန်လွန်းပါတယ်'

'သမီး နည်းနည်းပါးပါး ဦးဆောင်မှပေါ့၊ ဒီကောင်ကလေးက သိပ်ရိုးသားပြီး ပိုက်ဆံကလဲရှိတော့ လက်လွှတ်ခံလို့ မဖြစ်ဘူးအေ့'

'ဟုတ်ပါတယ် မေမေ၊ အခွင့်အရေးလဲပေးပါတယ်၊ သူ့ကိုက ယူ ကိုမယူတာ၊ တစ်နေ့ညက သူအိမ်လာတော့ ကျွန်မက ဆိုဖာပေါ်မှာ ထိုင်နေတယ်၊ သူက ကျွန်မနဲ့ အဝေးဆုံး ကုလားထိုင်မှာ သွားထိုင်တယ် သိလား၊ ဒီတော့ ကျွန်မက သူ့ကိုပြောတယ်၊ ယောကျ်ားကလေးတွေရဲ့ လက်တံရှည်နဲ့ မိန်းကလေးတွေ ခါးအရှည်ဟာ အတူတူပဲလို့၊ ရှင်က ဘယ်လိုထင်သလဲ၊ အဲဒါဟုတ်လားလို့ သမီးက မေးလိုက်တော့ သူက ဘာပြန်ပြောသလဲ သိလား'

'ကြိုးတစ်ချောင်းလောက်ရရင် အဲဒါ ဟုတ်မဟုတ် သိရမှာပဲတဲ့ မေမေ'

www.burmeseclassic.com

www.burmeseclassic.com



## ၁၂၅။ မစောင့်နိုင်လို့

လူနှစ်ယောက်သည် စားသောက်ဆိုင်တစ်ဆိုင်၌ စကားလက်ဆုံကျလျက် ရှိကြသည်။

'ငါမနေ့ညက ပြဇာတ်တစ်ခု သွားကြည့်တယ်ကွ၊ ပထမပိုင်း အခန်းလဲပြီးရော ငါပြန်ထွက်လာခဲ့တယ်ကွ'

'ဘာဖြစ်လို့လဲ ဟင်'

'အဲဒီပြဇာတ် လက်ကမ်းစာစောင်မှာ ဒီလိုရေးထားလို့ကွ၊ 'ဒုတိယပိုင်း နောက်တစ်နှစ်ကြာသောအခါ' ဆိုတာနဲ့ ငါလဲ မစောင့်နိုင်တာနဲ့ ပြန်ထွက်လာခဲ့တာပါ'

## ၁၂၆။ မှားလို့

ဂျွန်ဆိုသူသည် သူ့ဇနီးသည်အား ရိုက်နှက်သဖြင့် ထောင်ဒဏ် ရက်ပေါင်း ၃၀ ကျခံရလေသည်။ ထိုနောက် ရက်ပေါင်း ၃၀ ပြည့်၍ ထောင်က လွတ်လာရာ ထိုနေ့မှ တိုက်တိုက်ဆိုင်ဆိုင် ဂျွန်မွေးနေ့ ဖြစ်နေသည်။ ထိုကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ထောင်မှ လွတ်လာသောဂျွန်ကို ဇနီးဖြစ်သူက ထောင်ဘူးဝမှ လာကြိုပြီး မွေးနေ့အတွက် ဆုတောင်းလိုက်သည်။

'မောင်ရေ၊ ဒီလိုနေ့မျိုး များစွာ ဖြစ်လာပါစေလို့ ဆုမွန်တောင်းလိုက်ပါတယ်'

ထိုကြောင့်ပင် ဂျွန်မှာ နောက်ထပ် ရက်ပေါင်း ၃၀ ထောင်ဒဏ်ခံရပြန်လေသည်။

## ၁၂၅။ ဒီလိုဆိုရင် ဖြစ်ပါတယ်နော်

နံနက်စောစော ဝေလီ ဝေလင်းအချိန်တွင် တယ်လီဖုန်းလာသဖြင့် ကျွန်မရော၊ ကျွန်မယောက်ျားပါ အိပ်ရာမှ နိုးလာကြသည်။ ကျွန်မက ဖုန်းကောက်ကိုင်ပြီး 'ဟလို'ဟု ပြောလိုက်ရာ တစ်ဖက်မှ ယောကျ်ားသံနှင့် တောင်းတောင်းပန်ပန် ပြောသည်ကို ကြားလိုက်ရသည်။

'အချစ်ရယ်၊ ဖုန်းမချလိုက်ပါနဲ့နော်၊ ကိုယ်ရှင်းပြပါရစေ'

'ဒီမှာရှင့်'ဟု ကျွန်မက ဖြတ်ပြောရန် ကြိုးစားသော်လည်း သူက ဆက်ပြောပြန်သည်။

'ကိုယ် မင်းကို ကတိပေးပါတယ်ကွာ၊ နောက်ဒါမျိုး မဖြစ်စေရပါဘူး၊ မင်းဟာ ကိုယ့်ဘဝအတွက် အရေးကြီးဆုံးသူတစ်ယောက်ပါ'

'နေဦးရှင့်'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ စကားပြောရန် ကြိုးစားသေးသည်။ သို့သော် ထိုလူကပင် ဆက်ပြောနေပြန်သည်။

'ကိုယ်ပြောတာ တကယ်ပါကွာ၊ မင်းမရှိရင် ကိုယ် သေရလိမ့်မယ်'

ကျွန်မတို့ စကားပြောနေသည်ကို ကျွန်မယောကျ်ား က နားထောင်နေသည်ဖြစ်ရာ သူက ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

'ဩော် မင်းက နောက်တစ်ကောင်နဲ့ပေါ့၊ ငါပြော တာ မဟုတ်ဘူးလား၊ ဘင်ဆီရာ'

ထိုအခါ ကျွန်မမှာ စိတ်မရှည်နိုင်တော့ဘဲ ဖုန်းထဲက ပြန်အော်လိုက်သည်။

'ကျွန်မ ဘင်ဆီရာ မဟုတ်ဘူး၊ ရှင် ဖုန်းမှားပြောနေ တာ သိလား'

'ဒါဆိုရင်စောစောက ပြောရောပေါ့ဗျာ၊ အခုတော့ သူက ပြောတာတွေ နောက်တစ်ခါ ထပ်ပြောရဦးမယ်'ဟု ပြောပြီး သူက ဆက်ပြောလိုက်သည်မှာ

'ခင်ဗျား ဘယ်လိုထင်သလဲ၊ ကျွန်တော် အဲဒီလို ပြောရင် အဆင်ပြေနိုင်ပါတယ်နော်'

www.burmeseclassic.com

www.burmeseclassic.com



## ၁၂၈။ ခြေထောက်နာတဲ့အထိ

ကျွန်တော်တို့ လင်မယားနှစ်ယောက်သည် အဝစားနိုင်သော စားသောက်ဆိုင်တစ်ဆိုင်ဖွင့်သဖြင့် ထိုဆိုင်သို့သွားပြီး စားကြသည်။ စားသောက်ပြီးသွားသည့်အခါ ဆိုင်ရှင် ရောက်လာပြီး စားသုံးရသည်မှာ အဆင်ပြေရဲ့လားဟု မေးသည်။ ထိုကြောင့် ကျွန်တော်က ပြန်ဖြေလိုက်သည်။

'အေးဗျာ၊ စားလို့ကောင်းတာတော့ မပြောပါနဲ့တော့၊ ခြေထောက်ကို နာလာတဲ့အထိပဲ'

ဆိုင်ရှင်က အံ့အားသင့်သွားပြီး ရေရွတ်လိုက်သည်။

'ဗျာ၊ ခြေထောက်နာတဲ့အထိ'

'ဒီလိုပါဗျာ၊ စားလို့ကောင်းကောင်းနဲ့ ကျွန်တော်က နင်းကန်စားတာကိုး၊ ဒီတော့ ကျွန်တော့် ဇနီးသည်က စားပွဲအောက်ကနေ ခြေထောက်နဲ့ကန်ပြီး တားရတာပေါ့ဗျာ'

## ၁၂၉။ အမှန်ပြောဖို့

ကျွန်မသည် ရပ်ကွက်လူမှုရေးအသင်းမှ ထုတ်ဝေသော စာစောင်ကို ဖတ်နေသော ခင်ပွန်းသည်အား နောက်ပြောင်သည့် အနေနှင့် နောက်လိုက်သည်။

'မောင်ရေ၊ အဲဒီစာစောင်ထဲမှာပါတဲ့ ကောင်မလေးနဲ့ ကျွန်မနဲ့ ဘယ်သူက ပိုလှသလဲဟင်'

'မင်းလောက် တစ်ယောက်မှ မလှပါဘူးကွာ'

www.burmeseclassic.com

www.burmeseclassic.com





'ကျွန်မလေ ဒါကြောင့်မောင့်ကို ချစ်တာ၊ မောင်ကလေ ချစ်ခင်ကြင်နာတတ်တယ်၊ သဘောလဲကောင်းတယ်၊ ပြီးတော့ သစ္စာလဲရှိတယ် သိလား'

'အေးကွ၊ နောက်တစ်ခုလဲ ရှိသေးတယ်၊ အမှန်ပြောဖို့ သတ္တိလဲ မရှိဘူးကွ'

## ၁၃၀၊ စိတ်အဝင်စားဆုံး

အင်္ဂလိပ်စာ ပါမောက္ခတစ်ယောက်နှင့် သင်္ချာစာတိုက်မှ အယ်ဒီတာတို့ နှစ်ယောက်သည် မိတ်ဆွေသူငယ်ချင်းများ ဖြစ်သော်လည်း အမြဲတမ်းလိုလို အကြောင်းအရာတစ်ခုခုနှင့် ပတ်သက်၍ ငြင်းလေ့ ခုံလေ့ ရှိသည်။

တစ်ညနေတွင် အင်္ဂလိပ်စာပါမောက္ခသည် ဗီစကီ အရက်တစ်ပုလင်းကို ထိုနေ့ထုတ် သတင်းစာ တစ်စောင်နှင့် ပတ်၍ ကလပ်ထဲမှ ထွက်လာခဲ့သည်။ လမ်းတွင် သတင်းစာအယ်ဒီတာနှင့် တွေ့ရာ အယ်ဒီတာက မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အို ဒီနေ့ထုတ် သတင်းစာထဲမှာ စိတ်ဝင်စားစရာ တစ်ခုခု ပါတယ်ထင်တယ်'

'ဟုတ်တယ်လေ၊ ဒီအပတ်ထဲမှာ စိတ်ဝင်စားစရာ အကောင်းဆုံးပါတယ်လေ'

*

## ၁၃၁၊ နိုင်တောင်နိုင်သေး၊

အပြေးချန်ပီယံတစ်ယောက်က ပြောလိုက်သည်။

'ငနဲတစ်ကောင်ကွာ၊ ငါ့ ပိုက်ဆံအိတ်ကို နှိုက်ပြီး ထွက်ပြေးသွားလို့ကွ'

'နောက်ကနေ ပြေးလိုက်ပြီး မဖမ်းဘူးလား'

အနားက လူတစ်ယောက်က မေးလိုက်သည်။

'ဟာ ဘယ်နေမလဲ ပြေးလိုက်တာပေါ့၊ ဒီကောင် မီရုံမကဘူး၊ နိုင်အောင်တောင် ပြေးနိုင်သေးတယ်၊ အဲဒီတော့မှ နောက်လှည့်ကြည့်လိုက်တော့ ဒီကောင် မရှိတော့ဘူးလေ'

*

www.burmeseclassic.com

www.burmeseclassic.com



## ၁၃၂။ ခရီးထွက်ဖို့ပြင်တာ

'ငါ ခရီးထွက်တိုင်း အမြဲတမ်း အဆင်ပြေတာပဲကွ၊ ငါကလဲ ခရီးမထွက်ခင် ကြိုတင် ပြင်ဆင်ထားတာကိုးကွ'

လူတစ်ယောက်က မိတ်ဆွေတစ်ဦးကို ပြောပြနေခြင်း ဖြစ်သည်။

'အေး ငါခရီးထွက်တော့မယ်ဆိုရင် ဟိုမှာ လိုအပ်တဲ့ အင်္ကျီ အဝတ်အစားတွေ ထုတ်တယ်၊ နောက်တစ်ခါ ဟိုမှာသုံးမယ့် ပိုက်ဆံတွေ ယူတယ်ကွာ၊ ပြီးတော့မှ အရေးကြီးဆုံးလုပ်ရမယ့် အလုပ်ကို လုပ်တယ်၊ အဲဒါ ဘာလဲဆိုတော့ ယူမယ်လုပ်ထားတဲ့ အဝတ်အစားတွေကို တစ်ဝက်ပြန်လျှော့လိုက်တယ်၊ ပြီးတော့ ဟိုမှာသုံးဖို့ဆိုပြီး ရည်ရွယ်ထားတဲ့ ငွေထက်နှစ်ဆ သတ်မှတ်ပြီး ခရီးထွက်တာ အဆင်ပြေခဲ့တာချည်းပဲကွ'

www.burmeseclassic.com

www.burmeseclassic.com



## ၁၃၃။ ဘယ်သူ့ဘက်ကလဲ

လူတစ်ယောက်သည် သူ၏ အမဲလိုက် အတွေ့အကြုံကို ပြန်ပြောပြလျက် ရှိသည်။

'အဲဒီလို သေနတ်နဲ့ပစ်လိုက်တာ လွဲသွားရော၊ ကျားက ငါ့ကို ခုန်အုပ်တော့တာပေါ့၊ ငါကလဲ ဘယ်ရမလဲ နီးရာသစ်ပင်ကြီးတစ်ပင်ပေါ်ကို ပြေးတက်တာကွ'

'ဒါဆိုရင် ကျားကရော'

'ကျားလဲ သစ်ပင်ပေါ် လိုက်တက်လာတော့ ငါလဲ အပေါ်က သစ်ကိုင်းပေါ် ခိုတက်ရတယ်လေ'

'ဒါနဲ့ ကျားက ဘာဖြစ်သွားသလဲ'

'ဒီကောင်က ငါ့နောက်ကို လိုက်တုန်းပဲ၊ ဒါနဲ့ ဒီကောင် သစ်ပင်ရဲ့အလယ်လောက်လဲရောက်ရော ငါလဲ သစ်ပင်ထိပ် ရောက်နေတာပေါ့'

'ဒီတော့ ကျားက၊ အဲဒီကျား ဘာဖြစ်သွားသလဲ'

'ဒီမှာ မင်းက ကျားဘက်ကလား၊ ငါ့ဘက်ကလား ကွ၊ ပြောစမ်းပါဦး'

www.burmeseclassic.com

www.burmeseclassic.com





## ၁၃၄။ ဘာဆောက်နေတာလဲ

ကျေးလက်တောရွာဘက်သို့ အလည်အပတ် ရောက်လာသော လူတစ်ယောက်သည် လက်သမားတစ်ဦး အဆောက်အအုံတစ်လုံးဆောက်နေသည်ကို တွေ့သဖြင့် မေးကြည့်သည်။

'ခင်ဗျား ဘာအဆောက်အအုံ ဆောက်နေတာလဲ ဟင်'

'ဒီလိုဗျ၊ ကျွန်တော်ဆောက်နေတာ ဟန်ကျပန်ကျဖြစ်ရင်တော့ ကျွန်တော်တို့ မိသားစုအတွက် အိမ်ရမှာပေါ့ဗျာ၊ ဟန်မကျတဲ့အခါကျတော့လဲ နွားတင်းကုပ်တစ်လုံး ရတာပေါ့'

## ၁၃၅။ သူပြောပုံ

အမျိုးသမီးနှစ်ယောက် တွေ့ကြရာ သူတို့ယောက်ျားများ အကြောင်း ပြောနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ အမျိုးသားက တကယ့်အားကစားသမားကောင်း တစ်ယောက်ပါ၊ တင်းနစ်ကစားတယ်၊ ဂေါ့ဖ်ရိုက်တယ်၊ ရေလဲကူးတယ်လေ၊ ရှင့်အမျိုးသားကရော ဘာကစားသလဲ'

'ကျွန်မ ယောကျ်ားလား၊ သူက အပြေးသမားလေ၊ ကျွန်တဲ့အပတ်တုန်းက အိမ်က ပြေးနေတာ ငါးညလောက်ကြာတယ်လေ'

## ၁၃၆၊ ငါ့အကြောင်းမေးရင်

မြို့လေးတစ်မြို့တွင် အသက်အရွယ် ရနေပြီ ဖြစ်သော အမျိုးသမီးကြီးတစ်ယောက်ကို အမှုတစ်မှု၌ ဂျူရီလူကြီး တာဝန်ထမ်းဆောင်ရန် တရားရုံးတော်က ခေါ်ယူလိုက်သည်။

ထုံးစံအတိုင်း ရုံးတော်က သူ့အားမေးလေသည်။

'တရားခံရဲ့ ရှေ့နေကို သိပါသလား ခင်ဗျာ'

'သိပ်သိတာပေါ့။ ဒီကောင်က ကောင်းတဲ့ကောင်မှ မဟုတ်တာ'

'ဒါဆိုရင် တရားလိုရဲ့ရှေ့နေကိုရော'

'သူ့လဲ သိတာပဲ။ ဒီကောင်က ပိုဆိုးသေးတယ်'

ထိုနောက် နှစ်ဖက်စလုံးမှ ရှေ့နေနှစ်ယောက်ကို တရားသူကြီး ခေါ်ပြီး သတိပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားတို့ နှစ်ယောက်စလုံး အဲဒီအမျိုးသမီးကြီး ကျွန်တော့်ကို သိလားလို့မေးရင် ခင်ဗျားတို့ကို ရုံးတော်ကို စော်ကားမှုနဲ့ အရေးယူရလိမ့်မယ် သိလား'

## ၁၃၇။ လူမရှိလို့

လူတစ်ယောက်သည် ရထားပေါ်မှ စိတ်ပျက်လက်ပျက် အမူအရာနှင့် ဆင်းလာရာ လာကြိုနေသော သူငယ်ချင်းက မေးလိုက်သည်။

'ခင်ဗျား ဘာဖြစ်နေတာလဲ၊ ကြည့်ရတာ နေမကောင်း သလိုပဲ'

'ရထားပေါ်က နေရာကြောင့်ပါ၊ ကျွန်တော်က ရထားစီးရင် ရထားခေါင်းတွဲ ကျောပေးပြီးစီးရင် အဲဒီလို ဖြစ်တာပဲ'

'ဒါများဗျာ၊ ကိုယ့်ရှေ့လူကို အကျိုးအကြောင်း ပြောပြီး နေရာလဲစီးပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီကို စဉ်းစားမိပါတယ်ဗျာ၊ ဒါပေမယ့် ကျွန်တော့်ရှေ့က ထိုင်ခုံက လွတ်နေတော့ ဘယ်လိုလုပ် ပြောဖြစ်တော့မှာလဲ'

## ၁၃၈။ မနှောက်နဲ့ကွာ

အဆောင်တစ်ခု၌ သူငယ်ချင်းနှစ်ယောက် အတူနေကြသည်။ တစ်နေ့တွင် တစ်ယောက်က စာတစ်စောင်ရေးနေစဉ် ပြောလိုက်သည်။

'ဟေ့ကောင်၊ ငါ့ကို လာမနှောက်နေပါနဲ့ကွာ၊ ငါ့ကောင်မလေးဆီ စာရေးနေတာကွ'

'ဒါဆိုရင် ဘာဖြစ်လို့ ဖြည်းဖြည်းချင်းတစ်လုံးစီ ရေးနေရတာလဲ'

'ဟာကွာ၊ သူမှာ စာကို မြန်မြန်မဖတ်တတ်သေးတာ'

## ၁၃၉။ မရှိလဲ မကောင်း၊ ရှိလဲမကောင်း

သူငယ်ချင်းနှစ်ယောက်သည် စားသောက်ဆိုင်တစ်ဆိုင်၌ စားသောက်ပြီးကြ၍ ပြန်ခါနီး၌ တစ်ယောက်က ပြောလိုက်သည်။

'မရှိလဲမကောင်း၊ ရှိလဲ မကောင်းပါဘူးကွာ'

www.burmeseclassic.com

www.burmeseclassic.com



'မိန်းမတွေဆိုတာ ဒီလိုပေါ့ကွာ'

'ဟာ ကောင်ရ၊ ဘယ်သူတွေက မိန်းမတွေလို့ ပြောနေလို့လဲ၊ ငါပြောတာက အကြွေးဝယ်လို့ရတဲ့ ကတ်ပြား တွေအကြောင်း ပြောတာကွ'

## ၁၄၀။ မသိကြတဲ့အတူတူ

အမျိုးသမီးတစ်ယောက်သည် ခရီးထွက်လာရင်း ညဉ့်နက်ပိုင်း ရောက်လာသဖြင့် အနီးဆုံး ဟိုတယ်တစ်ခုသို့ ဝင်ရောက်ပြီး တည်းခိုရန် အခန်းလွတ် ရှိ မရှိ မေးလိုက်သည်။ ထိုအခါ ဟိုတယ်က လူက ပြန်ဖြေသည်။

'မရှိတော့ပါဘူး ခင်ဗျာ၊ အခုနပဲ နောက်ဆုံးကျန်တဲ့ အခန်းတစ်ခန်းကို ဟိုနားမှာထိုင်နေတဲ့ လူကို ပေးလိုက်ပါ တယ်'

အမျိုးသမီးလည်း ထိုလူရှိရာသို့သွားပြီး မေးလေ သည်။

www.burmeseclassic.com



'ဒီမှာရှင့်၊ ရှင်ကလဲ ကျွန်မကို မသိဘူး၊ ကျွန်မကလဲ ရှင့်ကို မသိဘူး၊ ဒီဟိုတယ်က လူတွေကလဲ ကျွန်မတို့ကို မသိဘူး၊ ကျွန်မတို့ကလဲ ဟိုတယ်ကလူတွေကို မသိဘူး၊ ဒီတော့ ရှင့်အခန်းကြမ်းပြင်ပေါ်မှာ ကျွန်မကို အိပ်ခွင့် ပေးပါလားရှင်'

'ကောင်းပြီလေ၊ မင်းကလဲ ငါ့ကို မသိ၊ ငါလဲမင်းကို မသိ၊ သူတို့ကလဲ ငါတို့ကို မသိဘူး။ ငါတို့ကလဲ သူတို့ကို မသိနဲ့၊ မင်းလာအိပ်နိုင်ပါတယ်'

ဤသို့နှင့် ဟိုတယ်အခန်းထဲသို့ ရောက်လာကြလေသည်။ ထိုလူက အမျိုးသမီးအတွက် စောင်တစ်ထည် ပေးလိုက်သည်။ အမျိုးသမီးလည်း စောင်ခြုံပြီး ကြမ်းပြင်ပေါ်၌ အိပ်သည့်အခါ အဆင်မပြေသဖြင့် ထလာပြီး ထိုလူကို ပြောလိုက်ပြန်သည်။

'ရှင်ကလဲ ကျွန်မကိုမသိ၊ ကျွန်မကလဲ ရှင့်ကိုမသိ၊ သူတို့ကလဲ ကျွန်မတို့ကို မသိဘူး၊ ကျွန်မတို့ကလဲ သူတို့ကို မသိကြဘူးဆိုတော့ ရှင်နဲ့အတူတူ အိပ်ရာထဲမှာ အိပ်ပါရစေလားရှင်'

'ရပါတယ်၊ လာလေ'

အိပ်ရာထဲတွင် ဇိမ်ကျကျ အိပ်နေရာမှ အမျိုးသမီးက ပြောပြန်လေသည်။

'ရှင်ကလဲ ကျွန်မကို မသိ၊ ကျွန်မကလဲ ရှင့်ကို မသိ၊ ပြီးတော့ သူတို့ကလဲ ကျွန်မတို့ကို မသိ၊ ကျွန်မတို့

www.burmeseclassic.com

www.burmeseclassic.com



ကလဲ သူတို့ကို မသိကြဘူးဆိုတော့ ကျွန်မတို့ ပါတီပွဲကလေး တစ်ခုလောက် ကျင်းပရရင် မကောင်းဘူးလား'

အမျိုးသားဖြစ်သူသည် တစ်ခဏမျှ စဉ်းစားနေပြီးမှ ပြန်မေးလိုက်သည်။

'မင်းပြောသလို မင်းကို ငါကမသိ၊ ငါကလဲ မင်းကို မသိ၊ သူတို့ကလဲ တို့ကို မသိ၊ တို့ကလဲ သူတို့ကို မသိဘူးဆိုတော့ အဲဒီပါတီပွဲကို တို့က ဘယ်သူတွေကို သွားပြီး ဖိတ်ရမှာလဲ'

## ၁၄၁။ ရှိနေပြီ

တစ်ညတွင် အမျိုးသားတစ်ဦးသည် သူ့အဖော် မိန်းကလေး တစ်ဦးနှင့် ကပွဲမှ ကားနှင့် ပြန်လာကြသည်။ ညဥ့်မှာလည်း မှောင်မည်းလျက် အချိန်မှာလည်း ညဥ့်သန်းခေါင် ကျော်သွားပြီး လမ်းတစ်လျှောက်လုံး တိတ်ဆိတ်လျက် သူတို့ ကားတစ်စီးသာ မောင်းနှင်လျက်ရှိသည်။ မကြာမီ ကားမှာ ရုတ်တရက် ထိုးရပ်သွားလေသည်။ ထိုအခါ မောင်းလာသော လူရွယ်က ကားပေါ်မှ ဆင်း၍ ကားစက်ဖုံး ဖွင့်ကြည့်ပြီး

www.burmeseclassic.com



နောက် စမ်းသပ်လေသည်။ မိန်းကလေးဆီသို့ ပြန်လာပြီး ပြောလိုက်သည်။

'ဒုက္ခပဲကွာ၊ ခေါ်ထဆီထဲမှာ ရေတွေချည်းပဲ ရှိတော့တယ် ထင်တယ်၊ ကားက ဆက်သွားလို့ ရတော့မှာ မဟုတ်ဘူး ဘယ်လိုလုပ်ကြမလဲ ဟင်'

အမျိုးသမီးဖြစ်သူက သက်ပြင်းတစ်ချက်ချလိုက်ပြီးမှ ပြောလိုက်သည်။

'ကဲ ကားပေါ်တက်မှာသာ တက်စမ်းပါ၊ ဒါမျိုးက ကျွန်မအဖို့ ရိုးနေပြီ၊ ရှင်လုပ်မှာက အခုအချိန် ကျွန်မကို နမ်းဖို့ ကြိုးစားမယ်၊ ကျွန်မက ဒေါသဖြစ်ပြီး ရှင့်ပါးကို ရိုက်မိမယ်။ အဲဒီအခါကျတော့ ရှင့်တိုင်ကီထဲက ရေတွေဟာ ဓာတ်ဆီတွေပြန်ဖြစ်ပြီး ကားမောင်းလို့ရလိမ့်မယ် သိလား'

## ၁၄၂။ ဘယ်သူတွန်းချတာလဲ

ပင်လယ်ပြင်တွင် ရက်တရက် မုန်တိုင်းမိသဖြင့် သင်္ဘော ကုန်းပတ် လက်တန်းကို မီ၍ ရပ်နေသော အမျိုးသမီး တစ်ဦးသည် ပင်လယ်ထဲသို့ ထိုးကျ သွားလေသည်။ တစ်ပြိုင်နက်တည်းပင် ပင်လယ်ထဲသို့ လူတစ်ယောက် ခုန်ချပြီး လှိုင်းလုံးတွေကြား၌ မျောပါသွားသော အမျိုးသမီးကို လိုက်လံဆယ်ယူလေသည်။ ထိုနောက် သင်္ဘောပေါ်မှ

www.burmeseclassic.com

www.burmeseclassic.com





အသက်ကယ်ရေယာဉ်များ ရောက်ရှိလာပြီး နှစ်ယောက် စလုံးကို ဆယ်ယူနိုင်ခဲ့လေသည်။

သင်္ဘောပေါ် ရောက်သောအခါတွင် အားလုံး အံ့အားတသင့် ဖြစ်သွားကြသည်။ ထိုကဲ့သို့အသက်လုပြီး အမျိုးသမီးကို ပင်လယ်ထဲမှ ဆယ်ယူခဲ့သူမှာ အသက် အကြီးဆုံး အဘိုးကြီးတစ်ယောက်ဖြစ်နေ၍ ဖြစ်သည်။

ထိုနေ့ညမှာပင် သင်္ဘောပေါ်၌ ထိုအဘိုးကြီးအား ဂုဏ်ပြုပါတီပွဲ ကျင်းပလေသည်။ တက်ရောက်လာသောသူ အားလုံးက ထိုအဘိုးကြီးအား စကားပြောရန် ဝိုင်းဝန်း တောင်းပန်ကြလေသည်။

ထိုအခါ အဘိုးကြီးမှာ နေရာမှတဖြည်းဖြည်း ထလာ ပြီး ဂုဏ်ယူလေးစားလျက် သူ့အား အာရုံစိုက်နေကြသူများ အားလုံးကို ကြည့်လိုက်ပြီး ပြောလိုက်သည်။

'ကျုပ်သိချင်တာ တစ်ခုပဲရှိပါတယ်၊ အဲဒါ ဘယ်သူ က ကျုပ်ကို တွန်းချလိုက်တာလဲလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



## ၁၄၃။ မကြာဖူးဘူးလား

အမျိုးသားတစ်ယောက်သည် ဆရာဝန်တစ်ဦးထံ ဖုန်းဆက်၍ ခေါ်လိုက်သည်။

'ဆရာ အမြန်လာပါ ဆရာ၊ ကျွန်တော့်မိန်းမ အူ အတက် ပေါက်လို့ပါ'

'ခင်ဗျား မဟုတ်တာတွေ ပြောပြန်ပြီ၊ လွန်ခဲ့တဲ့ သုံးနှစ်ကပဲ ခင်ဗျား မိန်းမ အူအတက်ပေါက်လို့ ကျုပ် ကုပေးပြီးပြီ၊ ကျုပ်ဆရာဝန်ဘဝမှာ တစ်ယောက်တည်းကနေ နောက်တစ်ကြိမ် အူအတက်ပေါက်တယ်ဆိုတာ မကြားဘူး သေးဘူး'

'လူတစ်ယောက်မှာ နောက်မိန်းမ တစ်ယောက် ရှိနိုင်တယ်ဆိုတာကော ဆရာ မကြားဖူးဘူးလား ဟင်'

## ၁၄၄။ များလှပြီ

'အလုပ်လိုချင်လို့ ဟုတ်လား'

'ဟုတ်ပါတယ် ခင်ဗျာ၊ အလုပ်ချိန်များများ လုပ် ရတဲ့ အလုပ်မျိုးပေါ့'

'ဒါဆိုရင် ဝမ်းနည်းပါတယ်၊ ဒီမှာက တစ်နေ့ကို တစ်နာရီ နှစ်နာရီလုပ်ရင် ပြီးသွားတဲ့အလုပ်မျိုးပဲ ရှိတယ်'

www.burmeseclassic.com

www.burmeseclassic.com





'ဟုတ်လား၊ အတော်ပါပဲ၊ ဒီလောက်အချိန်ဆိုရင် ကျွန်တော့်အတွက် များလှပါပြီဗျာ'

## ၁၄၅။ ပြစမ်းပါ

မြို့တစ်မြို့တွင် လူတစ်ယောက်သည် လူအများရှေ့၌ ပြောလိုက်သည်။

'ကျုပ်ကို အိုင်းရစ်လူမျိုးတစ်ယောက် ပြစမ်းပါ၊ သူရဲ့ဘောနည်းတဲ့အကြောင်း ဘယ်သူလဲဆိုတာ ကျုပ်ပြမယ်'

ထိုအခါ ထွားကျိုင်းသန်မာသော လူကြီးတစ်ယောက် သူ့ရှေ့သို့ရောက်လာပြီးမေးလိုက်သည်။

'မင်း ဘာတွေပြောနေတာလဲကွ'

ထိုလူကြီး ကစ်ခဏမျှကြည့်လိုက်ပြီး စောစောကလူ ပြောသည့်အတိုင်း ပြောလိုက်လေသည်။ လူထွားကြီးလည်း ဒေါသဖြစ်သွားပြီး လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း ပြန်ပြောလိုက်သည်။

'အေး၊ ငါ အိုင်းရစ်တစ်ယောက်ပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင် သူ့ရဲဘောနည်းတဲ့ အကောင်က ကျွန်တော်ပါ'ဟု ပြောပြီး ချာခနဲလှည့်ကာ ထွက်ပြေးသွားလေသည်။

## ၁၄၆။ မရှက်ပါဘူး

ဟောရေ့စ်ဆိုသူသည် ပါတီပွဲတွင်အကျွေးအမွေးနှင့် ညှော်ခံရာသို့ မကြာခဏသွား၍ အစားအသောက်များကို သွားယူနေသဖြင့် ဇနီးဖြစ်သူက မေးလိုက်သည်။

'ရှင် မရှက်ဘူးလား၊ ခဏ ခဏသွားပြီး အစားအသောက်တွေ ယူယူနေတာ'

'မရှက်ပါဘူးကွာ၊ သွားယူတိုင်း ငါ့အတွက် မဟုတ်ဘူး၊ မင်းအတွက်လို့ ပြောပြောယူတာကိုးကွ'

## ၁၄၇။ ကြိုတင်ကာကွယ်ရေး

သမီးရည်းစားနှစ်ယောက်သည် လက်ထပ်မည့်အကြောင်း ဆွေးနွေးပြောဆိုနေရင်းက မိန်းကလေးက ပြောလိုက်သည်။

'ဒါပဲနော် မောင်၊ ကျွန်မတို့ လက်ထပ်ပြီးရင် တစ်ယောက်နဲ့တစ်ယောက် ဘာမှ လျှို့ဝှက်ထားစရာမလို

www.burmeseclassic.com

www.burmeseclassic.com





တော့ဘူးနော်၊ ဒီတော့ မောင် ကျွန်မကို အားလုံးပြောပြ ရမယ်နော်'

'အင်း ဟို ဒီလိုလေ၊ မောင်က အဲဒီအားလုံးအကြောင်း ဘာမှ သိဟာ မဟုတ်ဘူးကွ'

## ၁၄၈၊ မရတော့ဘူး၊

လူတစ်ယောက်သည် ဆပ်ကပ်အဖွဲ့တစ်ဖွဲ့ထံ ရောက်လာပြီး ဆပ်ကပ်ပိုင်ရှင်ကို ပြောလေသည်။

'ကျွန်တော် တိုင်တစ်လုံး ကွင်းအလယ်မှာ ထောင်ပြီး အဲဒီတိုင်ပေါ် တက်ပြမယ်၊ ပြီးတော့ အဲဒီတိုင်ထိပ်ကနေ အောက်မှာ ဘာပိုက်မှ မခံဘဲ ဒိုင်ဗင်ထိုးချပြမယ်၊ ဒိုင်ဗင်ထိုးချပြီး ဆပ်ကပ်ကွင်း အလယ်ခေါင် တည့်တည့်မှာ ခြေထောက်နဲ့မကျဘဲ အုန်းပင်စိုက်ပြမယ်၊ ပြီး ပြန်ထပြီး ပရိသတ်ကို နှုတ်ဆက်ပြမယ်၊ အဲဒါ ဒေါ်လာ ၂၀၀ ရရင် လုပ်ပြမယ်'

www.burmeseclassic.com

www.burmeseclassic.com



ဆပ်ကပ်ပိုင်ရှင်က ပြန်ပြောသည်။

'မင်း၊ ဘယ်လိုလုပ်မယ်ဆိုတာတော့ ငါ မသိဘူး၊ မင်း ဘာလုပ်ပြပြ ငါအရင်ကြည့်ချင်သေးတယ်'

ထိုအခါ ထိုလူသည် ပြောသည့်အတိုင်း တိုင်ပေါ်တက်၊ အောက်ကို ခေါင်းနှင့်ကျအောင် ထိုးချပြကာ ပရိသတ်က နှုတ်ဆက်သည်အထိ လုပ်ပြလေသည်။

ဆပ်ကပ်ပိုင်ရှင်က

'ကြိုက်သွားပြီ၊ မင်းကို ဒေါ်လာ ၂၀၀ နဲ့ ငါငှားမယ်'

'ဒေါ်လာ ၂၀၀ မရတော့ဘူး၊ ဒေါ်လာ ၅၀၀ ပေးမှ လုပ်နိုင်တော့မယ်'

'မင်းပဲ စောစောကပြောတော့ ဒေါ်လာ ၂၀၀ ဆို'

'ဟုတ်တယ်လေ၊ အဲဒါမျိုး ချွန်တော် လုပ်မကြည့်ခင်တုန်းက ပြောတာ၊ အခု မရတော့ဘူး'

## ၁၄၉။ အကြိုမိုလ်လှုပွဲမှာ

မင်္ဂလာဆည်ခံပွဲတစ်ခုတွင် လူတစ်ယောက်က အဝတ်အစား ကောင်းကောင်းမွန်မွန်နှင့် သပ်သပ်ရပ်ရပ် 'ဝတ်ထား'သူ တစ်ယောက်အား တွေ့သဖြင့် မေးလိုက်သည်။

'ဒီမှာ ခင်ဗျားက သတို့သားလား ဟင်'

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော်က အကြိုဗိုလ်လုပွဲမှာ ပြုတ်သွားတဲ့သူပါ'

## ၁၅၀။ လိုက်လာတယ်

'ခင်ဗျား လက်ထပ်ခဲ့တာ ဆယ်နှစ်တော်ရှိသွားပြီ ဟုတ်လား၊ အဲဒီတုန်းက ဘယ် ဘုရားရှိခိုးကျောင်းမှာ မင်္ဂလာဆောင်ခဲ့တာလဲ ဟင်'

'ဘယ်မှာမှ မင်္ဂလာ မဆောင်ခဲ့ပါဘူး၊ ကျွန်တော့် မိန်းမကို ခိုးပြေးခဲ့တာဗျ'

'ဟုတ်လား၊ ဒါဆိုရင် သူ့အဖေက ခင်ဗျားတို့နောက်ကို မလိုက်ဘူးလား'

'လိုက်တာပေါ့ဗျ၊ အဲဒီကတည်းက ကျွန်တော်တို့နဲ့ အတူနေလိုက်တာ အခုထိပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



## ၁၅၁။ သရုပ်ဆောင်ကောင်းသူ

လူတစ်ယောက်သည် ကားတစ်စီးကို မောင်းလာပြီး မီးနီကို ဖြတ်မောင်းသဖြင့်ယာဉ်ထိန်းရဲက ဖမ်းလိုက်သည်။ ထိုအခါ ကားပေါ်က လူတစ်ယောက်က တောင်းပန်လိုက်သည်။

'ကျွန်တော်တို့ သိပ်အရေးကြီးနေလို့ပါ၊ ဒီလူက လူနာလေ၊ သူ့ကို စိတ်ရောဂါ ဆေးရုံကို အမြန်ပို့ရမှာမို့ပါ'

ယာဉ်ထိန်းရဲမှာလည်း ကားပေါ်ပါလာသူကိုကြည့်ပြီး ဇဝေဇဝါဖြစ်နေစဉ် ကားပေါ်မှ လူနာဆိုသူက ယာဉ်ထိန်းရဲကို ပြုံးလျက် ပြောလိုက်သည်။

'အချစ်ရယ်၊ ကျွန်မကို နမ်းလိုက်စမ်းပါ'

## ၁၅၂။ ဆံပင်နီနဲ့သမီးကော

လူတစ်ယောက်သည် သူ၏ စီးပွားရေး လုပ်ငန်းများနှင့် အချိန်ကုန်နေရာ သူ့မိသားစုအတွက် အချိန်မပေးနိုင်ဘဲ ရှိနေသည်။ တစ်ညတွင် သူ၏ ဇနီးသည်က အပြင်သွားနေရာ သူ့ကလေးများနှင့် တစ်ညလုံးနေနေရသည်။

နောက်တစ်နေ့နံနက်တွင် ဇနီးဖြစ်သူက မေးသည်။

'ညကဘယ်လိုလဲ၊ ကလေးတွေနဲ့ အဆင်ပြေရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com





'ပြေပါတယ်ကွာ၊ တစ်ယောက်ပါပဲ၊ ဟိုဆံပင်နီနီနဲ့ သမီးလေ၊ သူ့ကို ညအိပ်ရာထဲသွင်းတော့ ဂျီကျလိုက်တာကွာ'

'အလို ဘုရားရေ၊ အဲဒါ အိမ်ရှေ့အိမ်က ကောင်မလေးရှင့်'

## ၁၅၃။ ပြောလိုက်ပါ့မယ်

ဇနီးဖြစ်သူက ခင်ပွန်းသည်ကို မေးလိုက်သည်။

'ကျွန်မတို့ကို စူးစူးဝါးဝါးကြည့်နေတဲ့ ဟိုစားပွဲမှာထိုင်နေတဲ့ မိန်းမက ဘယ်သူလဲ'

'ရှူး တိုးတိုးပြောကွ၊ မနက်ဖြန်ခါကျလို့ အချိန်ရရင် မင်း ဘယ်သူလဲဆိုတာ သူ့ကိုငါ ပြောလိုက်ပါ့မယ်'

www.burmeseclassic.com

www.burmeseclassic.com



## ၁၅၄။ ခွင့်တစ်ရက်ပေးပါ

လူတစ်ယောက်သည် ညက ပါတီပွဲတွင် အရက် သောက် လွန်သွားရာ နောက်တစ်နေ့ နံနက်တွင် အရက်နာ ကျလျက် ရှိသဖြင့် အိပ်ရာထဲမှ မထနိုင်ဖြစ်နေသည်။ ထို့ကြောင့်အလုပ် တိုက်သို့ အလုပ်ရှင်ထံ ဖုန်းဆက်လိုက်သည်။

'ဆရာလား၊ ကျွန်တော် ဒီနေ့ အလုပ်မလာနိုင်တော့ ဘူး၊ ညက အအေးမိပြီး ဖျားနေလို့ပါ'

'အေးပေါ့ကွာ၊ ငါ့ဆီဖုန်းဆက်ပြီး ခွင့်တောင်းနေစရာ မလိုပါဘူး၊ ဒီနေ့က တနင်္ဂနွေနေ့လေ'

## ၁၅၅။ မတွေ့နိုင်ကြတော့ဘူး

တနင်္ဂနွေနေ့တိုင်း တခြားလူများက ဘုရားရှိခိုးကျောင်းသို့ မှန်မှန်လာသော်လည်း လယ်သမားတစ်ဦးဖြစ်သည့် ချားလ် ကမူ ရွာရှိ စားသောက်ဆိုင်သို့သွားပြီး အရက်သောက်နေလေ့ ရှိသည်။

တစ်နေ့တွင် ဘုန်းတော်ကြီးနှင့် ချားလ်တို့ လမ်းတွင် တွေ့ကြရာ ဘုန်းတော်ကြီးက ပြောလိုက်သည်။

'ချားလ်၊ ငါတော့ စိတ်ပူနေတယ်၊ မင်းနဲ့ငါတော့ ကောင်းကင်ဘုံမှာ တွေ့နိုင်ကြတော့မှာ မဟုတ်ဘူး ထင် တယ်'

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ စိတ်မကောင်းစွာနှင့် ချားလ်က ဘုန်းတော်ကြီးအား ပြန်မေးလိုက်သည်။

'ဘာဖြစ်လို့လဲ ဟာင်၊ ဘုန်းတော်ကြီးက ဘာအမှားတွေများ လုပ်မိလို့လဲ၊ တပည့်တော်သိပါရစေ'

## ၁၅၆၊ ဆိတ်တစ်ကောင်မှ မတွေ့ဘူးလား

သူငယ်ချင်းနှစ်ယောက်သည် တောင်ကုန်းတစ်ခုပေါ် ရောက်လာရာ သတ္တုတွင်းဟောင်းတစ်ခုကို သွားတွေ့ကြသည်။ ထိုတွင်းဟောင်းကိုကြည့်ပြီး တစ်ယောက်က မေးလိုက်သည်။

'ဒီတွင်းကြီး ဘယ်လောက်နက်သလဲ၊ မင်း သိလား'

'ဟာ၊ ငါဘယ်လိုလုပ်ပြီး သိပါ့မလဲ၊ မင်းသိချင်ရင် ခဲတစ်လုံးပစ်ချပြီး တွင်းအောက်ခြေကို ထိတဲ့အထိ အသံနားထောင် ကြည့်ပေါ့ကွ'

ထိုနောက် သူတို့နှစ်ယောက်သည် ခဲတစ်လုံးပစ်ချပြီး အသံကို နားထောင်ကြသော်လည်း အချိန်အတော်ကြာသည်

www.burmeseclassic.com

www.burmeseclassic.com



အထိ မည်သည့်အသံမျှ မကြားရပေ။ ထို့ကြောင့် ခုနက ထက် ကြီးသော ခဲကြီးကြီး တစ်လုံးကိုရှာပြီး ပစ်ချကြ ပြန်သည်။ ဤအခါတွင်လည်း ဘာအသံမျှ မကြားရပြန်ပေ။ ဤအခါတွင်လည်း ဘာသံမျှ မကြားရပြန်ပေ။ ဘေးအနီး အပါးတွင် ပစ်ချရန် တစ်ခုခုရှာရာ ခပ်လှမ်းလှမ်းတွင် ရထားသံလမ်း အပိုင်းတစ်ပိုင်းကို သွားတွေ့ကြသည်။

သူတို့နှစ်ယောက်သားသည် ထိုရထားသံလမ်းပိုင်းကို မနိုင်တနိုင်နှင့် တွင်းဆီသို့ မလာကြပြီး ပစ်ချလိုက်သည်။ ထိုအခါ၌ မည်သည့်အသံမျှ မကြားရ။ သို့သော် ခဏ အကြာတွင် သူတို့နှစ်ယောက်အကြားမှ ဆိတ်တစ်ကောင် သည် ဖြတ်၍ တွင်းထဲသို့ ခုန်ချသွားသည်ကို တွေ့ရသည်။

နှစ်ယောက်သည် နားမလည်နိုင်သည့် အမူအရာ ဖြင့် တစ်ယောက်ကို တစ်ယောက်ကြည့်နေစဉ် လူတစ် ယောက် ရောက်လာပြီး မေးလိုက်သည်။

'ဆိတ်တစ်ကောင်များ တွေ့မိလိုက်သလားဗျာ'

လူထဲက တစ်ယောက်က ပြန်ဖြေလိုက်သည်။

'တွေ့လိုက်တယ်ဗျ၊ အခုနကပဲ ဆိတ်တစ်ကောင် ကျွန်တော်တို့ နှစ်ယောက်ကြားက ဖြတ်ပြေးပြီး တွင်းထဲ ခုန်ချသွားတယ်'

'ဟာ ဒါဆိုရင် ကျွန်တော့်ဆိတ် မဟုတ်နိုင်ဘူး၊ ကျွန်တော့်ဆိတ်ကို မီးရထားသံလမ်းပိုင်းနှင့် ချည်ထားတာဗျ'

www.burmeseclassic.com

www.burmeseclassic.com



## ၁၅၇။ အတော်ကြာလိမ့်မယ်

မိတ်ဆွေ သူငယ်ချင်းနှစ်ယောက်သည် ဆေးရုံတက်နေရသော မိတ်ဆွေတစ်ယောက်နှင့် ပတ်သက်ပြီး ပြောဆိုနေကြသည်။

'ဒီမှာ ဟိုကောင်ပီတာတော့ ဆေးရုံမှာ အတော်ကြာလိမ့်မယ် ထင်တယ်'

'ဘာလဲကွ၊ မင်းက သူ့ဆရာဝန်နဲ့ တွေ့လာလို့လား၊ ဆရာဝန်က သူ့ရောဂါအကြောင်း ဘာပြောလိုက်သလဲ'

'မဟုတ်ပါဘူးကွာ၊ ဆရာဝန်နဲ့တွေ့တာ မဟုတ်ပါဘူး၊ သူ့ သူနာပြုဆရာမလေးကို တွေ့လာလို့ပါ'

## ၁၅၈။ လူထုပါ

'ခင်ဗျား အိမ်ထောင်ရေးက သာသာယာယာနဲ့ ပျော်ပျော်ရွှင်ရွှင်ရှိတာပဲ၊ ခင်ဗျား ဘယ်လိုစီမံခန့်ခွဲခဲ့သလဲ'

'ဒီလိုလေဗျာ၊ ကျွန်တော့်အိမ်မှာ ဇနီးသည်က ဘဏ္ဍာရေးဝန်ကြီးပေါ့၊ သူ့အမေက ကာကွယ်ရေးဝန်ကြီး ပြီးတော့ ထမင်းချက်ကတော့ ပြည်ထဲရေးဝန်ကြီးပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင် ခင်ဗျားက သမ္မတကြီးပေါ့'

'မဟုတ်ပါဘူးဗျာ၊ ကျွန်တော်ကတော့ အခွန်ထမ်းလူထုပေါ့ဗျာ'

၁၅၉၊ လက်မခံဘူး၊

'ငါ့အဖေက ငါ့ရဲ့ မကောင်းတဲ့အကျင့်တွေကို စွန့်လွှတ်လို့ရှိရင် ဒေါ်လာ တစ်သိန်းခွဲပေးမယ်တဲ့'

'ဟုတ်လား၊ ဒါဆိုရင် မင်းစွန့်လွှတ်လိုက်ပေါ့ကွ'

'မစွန့်တော့ပါဘူးကွာ၊ စွန့်လိုက်ရင် ငါ အဲဒီငွေတွေကို ဘယ်နေရာမှာသွားသုံးမလဲ၊ မင်းပဲ စဉ်းစားကြည့်စမ်းပါ'

BURMESE CLASSIC

၁၆၀၊ သမီးမဟုတ်ဘူး၊

'ဒီမှာ ညတုန်းက ပန်းခြံထဲမှာ ခင်ဗျားသမီးကို ကောင်လေးတစ်ယောက်က နမ်းဖို့ကြိုးစားနေတာ တွေ့ခဲ့ရတယ်'

'ဒီကောင် နမ်းလို့ရသွားသလား'

'မရဘူးဗျ'

'ဒါဆိုရင် ကျွန်တော့်သမီး မဟုတ်ပါဘူးဗျာ'

www.burmeseclassic.com

www.burmeseclassic.com



## ၁၆၁။ ဝီစကီတော့

ဆရာဝန်ဖြစ်သူက သူ့လူနာ၏ ဇနီးကို မေးလိုက်သည်။

'ကျွန်တော် ပေးလိုက်တဲ့ ဆေးတွေကို ခင်ဗျား ယောကျ်ား မှန်မှန်သောက်ရဲ့လား'

'ထမင်းမစားမီ ဆေးတစ်ပြားနဲ့၊ ထမင်းစားပြီးတဲ့ အခါ ဝီစကီတစ်ခွက် သောက်ရမယ်ဆိုတာလား ဆရာ'

'ဟုတ်တယ်လေ'

'ဆေးက သောက်တဲ့ရက်ရှိသလို မသောက်ဖြစ်တဲ့ ရက်တွေလဲ ရှိတယ်ဆရာ၊ ဒါပေမယ့် ဝီစကီကတော့ တစ်လစာလောက်တောင် ကြိုသောက်ပြီးပြီဆရာ'

www.burmeseclassic.com

www.burmeseclassic.com



## ၁၆၂။ ဒီလောက်မိုက်တာ

ကောင်းကင်ဘုံသို့ အဝင်တံခါးတွင် စိန့်ပီတာက ရောက်လာသူ အားလုံးအား မေးမြန်းစီစစ်ပြီးမှ ဝင်ခွင့်ပြုလျက်ရှိသည်။

လူတစ်ယောက် ရောက်လာရာ စိန့်ပီတာက မေးလိုက်သည်။

'မင်း အိမ်ထောင်ကျဖူးသလား'

'ဟုတ်ကဲ့ ခင်ဗျာ'

'မင်းအတော့်ကို ဒုက္ခ သုက္ခ ရောက်ခဲ့မှာပဲနော်၊ ကဲ လာ လာ၊ အထဲဝင်'

ထိုနောက် လူတစ်ယောက် ရောက်လာပြန်ရာ စိန့်ပီတာက မေးလိုက်ပြန်သည်။

'ကဲ မင်းကရော အိမ်ထောင်ရှိဖူးသလား'

'ရှိခဲ့ပါတယ် ခင်ဗျာ၊ ကျွန်တော် အိမ်ထောင်နှစ်ဆက်တောင် ကျခဲ့ပါတယ်'

'ဘာပြောတယ်၊ သွားတော့၊ သွားတော့ မင်းလိုမိုက်တဲ့အကောင်ကို တို့က လက်မခံနိုင်ဘူးကွ'

www.burmeseclassic.com